
www.dhammadownload.com




ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော် ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသော တရားတော်

# သာသနာဝမ်းထဲရောက်ကြပြီလား

၉၆

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀ , ၃၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# သာသနာဝမ်းထဲ ရောက်ကြပြီလား

www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၂၆၈/၂၀၀၀ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၆၃/၂၀၀၀ (၅)

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၃၀၀၀

ခုနှစ် - ၂၀၀၀ ခု၊ မေလ

တန်ဖိုး - (    )

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ် နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

www.dhammadownload.com

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# သာသနာ့ဝမ်းထဲရောက်ကြပြီလား

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝစ္ဆပုဏ္ဏားကို ဟောသည်, ငါဘုရား၏ အယူကကွာတဲ့, ခန္ဓာငါးပါး တစ်ပါးပါးကို ဖြစ်တာ ပျက်တာသိရမယ်, ခန္ဓာငါးပါးတစ်ပါးပါး ဖြစ်တာပျက်တာသိရမယ်, ဖြစ်တာပျက်တာကို သိတဲ့ဉာဏ် ဟာတဲ့ ဒါ ဒီဉာဏ်အလုပ်ဟာ တို့ဘုရားများ၏ အလုပ်ပဲတဲ့, ဒါဒီလို အသိဉာဏ်ရတဲ့အလုပ်ဟာ ငါဘုရားတို့၏ အယူဝါဒ အလုပ်ပဲ, အသိဉာဏ်ရဖို့ အလုပ်ဟာ ဘုရား၏ အယူဝါဒ အလုပ်လို့ ဒကာ-ဒကာမတွေ မှတ်ထားပါ (မှန်လှပါဘုရား)။

ဖြစ်တာပျက်တာကို အသိဉာဏ်ရတဲ့အလုပ်ဟာ ဘုရားတို့၏ ဓမ္မတာထုံးတမ်းအလုပ်, သဘောကျလား. . . (ကျပါတယ်ဘုရား)။ ဖြစ်တာပျက်တာကို ဒကာ-ဒကာမတို့

www.dhammadownload.com



ဝေဒနာလေးဖြင့် ဝေဒနာလေး ဖြစ်တာပျက်တာသိအောင် လုပ်ဖို့ စိတ်ဖြင့်လည်း စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်က စိတ်ကိုဖြစ်ပျက် သိအောင် လုပ်ဖို့, အဲ့ဒါဘုရား၏အယူဝါဒ, ဘုရားတိုင်း မစွန့်တဲ့အလုပ်, ဘုရားက မဟောဘူးလား။ (ဟောပါတယ်)။

## ဘုရား၏အယူဝါဒ

ဒါဖြင့်ဘုရား၏ အရှင်ဘုရား၏ အယူပြောစမ်းပါဆို တော့ ဒါဖြစ်ပျက်ကိုသိတဲ့ဉာဏ်အလုပ်ဟာ, ဉာဏ်အလုပ်, လုပ်တဲ့ အယူဝါဒ အလုပ်ဟာ ငါဘုရား၏ အလုပ်လို့ ဝစ္ဆ ပုဏ္ဏားကို ဟောပါတယ်နော်. . . (မှန်လှပါ)။ အဲ့ဒီတော့ ဒကာ-ဒကာမတွေက ဒီမှာတိုတိုပဲ စဉ်းစားလိုက်တဲ့အခါကျ တော့ ခန္ဓာကိုယ်ထဲမှာ, သေသေချာချာ ကြည့်လိုက်ပြီဆိုမှ ဖြင့် ဖြစ်တာနဲ့ပျက်တာမှတစ်ပါး ဆံပင်လည်း မတွေ့ဘူး သွား လည်း မသွားဘူး, အရေလည်းမတွေ့ဘူး, ဖြစ် ၁, ပျက်တာ လေးတွေချည်းဘဲ, အားလုံး ဒကာ-ဒကာမတွေ တွေ့ပါလိမ့် မယ်နော် (မှန်ပါ)။ ဒါဖြင့် ဘယ်လိုကြည့်မှ တွေ့မတုံးလို့ မေးဖို့ မလိုဘူးလား. . . (လိုပါတယ်)။

ဆရာကောင်းသမားကောင်းဆီက နည်းနာယူပြီး ကြည့်မှတွေ့မယ်. . . (မှန်ပါ)။ ကလျာဏမိတ္တဆိုတဲ့ ဆရာ ကောင်းသမားကောင်းဆီက နည်းနာယူပြီး သကာလ, ဉာဏ်

www.dhammadownload.com



မျက်လုံးလေး တပ်ပေးတဲ့ဆရာနဲ့တွေ့မှ, ဒီဖြစ်မှု-ပျက်မှုကို တွေ့မယ်လို့ ကိုစောမောင် အသေအချာမှတ်ပါ. . . (မှန်ပါ) ဒါဟာ ဒီကျမှ ဘုရား၏ အယူဘက်ကို ကျုပ်တို့လိုက်လာတာ (မှန်ပါ)။ ဘုရား၏ အယူဆိုတာ ဒကာ-ဒကာမတို့ ဖြစ်တာ ပျက်တာမြင်တဲ့အယူဝါဒဟာ ဘုရားတို့၏ အယူလို့ မှတ်ကြပါ. . . (မှန်လှပါ)။

ဒါနဲ့ အဲ့ဒီဝစ္ဆပုဏ္ဏားက· ဒကာ-ဒကာမတို့ ဖြစ်တာ ပျက်တာမြင်တဲ့ဉာဏ်တော့ရပြီဘုရား, ထိုကဲ့သို့ ဖြစ်တာ ပျက်တာ မြင်တဲ့ဉာဏ်ရတော့ ဘာဖြစ်သလဲဆိုတော့ တဏှာတို့, ဉပါဒါန်တို့, ကံတို့ ချုပ်တယ်လို့ ပြောလိုက်တယ်နော်၊ (မှန်ပါ)။ ဖြစ်တာ-ပျက်တာ မြင်လို့ရှိရင် ဒကာ-ဒကာမတို့ ဘာဖြစ်ပါလိမ့်. . . (တဏှာ-ဉပါဒါန် ကံချုပ်ပါတယ်)။ တဏှာ-ဉပါဒါန်-ကံချုပ်တယ်, အဲ့ဒီတော့ ဒါက သူ့တရား အတိုင်း ဟောသွားလို့ မဖြစ်ဘူးတဲ့, ဒကာ-ဒကာမတွေ အလုပ်ပေးတဲ့အနေနဲ့ပြောမှ ကိုစောမောင်ရမယ်. . . (မှန်ပါ)။

## ဖြစ်ပျက်မြင်မှ သာသနာတွင်းသား

ဘုရားကတော့ဖြင့် ဖြစ်တာပျက်တာမြင်လို့ရှိရင်ဖြင့် အင်-တဏှာဉပါဒါန်ချုပ်တယ်လို့ ဘုရားကတော့ ဟောတာပဲ, ကျုပ်တို့က အလုပ်, လုပ်ကြည့်တော့မှ ချုပ်-မချုပ် သေချာ

www.dhammadownload.com



မယ်. . . (မှန်ပါ)။ အလုပ်လုပ်ကြည့်ကြပါလို့, ဘုန်းကြီးက ဒကာ-ဒကာတွေ ဟောရတယ်. . . (မှန်ပါ)။

သာသနာတွင်းတရားဆိုတာက ဖြစ်တာပျက်တာမြင်မှ သာသနာတွင်းသား သာသနာတွင်းသူဖြစ်တော့တယ်နော် (မှန်ပါ)။ နှိမ့်မို့လို့ရှိရင်, ဒကာ-ဒကာမတွေမှာ ဖြစ်တာပျက်တာ မမြင်သေးတဲ့ ဒကာ-ဒကာမတွေဟာဖြင့်, သာသနာတွင်းသား သာသနာတွင်းသူတွေ မဖြစ်သေးဘူး။ (မှန်ပါ့ဘုရား)။

ဘာကြောင့်တုံးဆိုတော့ ငါးပါးသီလဆိုတာ သာသနာပလည်း စကြဝတေးမင်းကအစ ပေးနေတာ. . . (မှန်ပါ)။ ငါးပါးသီလဟာလေ,. . . (မှန်ပါ). . . ကိုစံလှ ဘယ်သူက စ,ပေးနေလဲ. . . (စကြဝတေးမင်းကပါဘုရား)။ စကြဝတေးမင်းက စ,ပေးနိုင်တယ်ဆိုတော့ ငါးပါးသီလဟာ ဒကာဒကာမတွေ ရှိပြီးသားပဲ ထားလိုက်ပါတော့. . . (မှန်ပါ)

## ဝေလာမပုဏ္ဏား

ဒါနကလည်း ဒါနဘက်ကလဲ ဝေလာမပုဏ္ဏားတို့သည်ကားဆိုလို့ရှိရင် သာသနာပပါဘဲလို့, ဝေလာမပုဏ္ဏားဟာ ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင်နဲ့, ငွေတွေအပြည့်

www.dhammadownload.com



ထည့်ပြီးသကာလ, လှူတာတွေဟာ မောင်နိုင် သာသနာပဘဲ နော်၊ (မှန်ပါ)။ သာသနာပဟုတ်တယ်, မဟုတ်တယ် စိန်ခေါ် ကြည့်လိုက်သေးတယ်သူက, ဝေလာမပုဏ္ဏားကြီးက. . . (မှန်ပါ)။

ဒီသာသနာပမှာ ဒီဒါနတွေဟာ ရှိနေတယ်ဆိုတဲ့ဥစ္စာ သူကိုယ်တိုင်ဘဲ လှူကြည့်တယ်, ဒါဖြင့် ဝေလာမပုဏ္ဏား ဆိုတာ အားလုံးဒကာဒကာမတွေ, မှတ်ထားလိုက်ကြစမ်း, ဘုရားအလောင်းလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။ နုစဉ်အခါ တုန်းကဖြစ်တယ်နော်. . . (မှန်ပါ)။ ရွှေခွက်တွေနဲ့ ငွေတွေ အပြည့်ထည့်လှူတယ်, ငွေခွက်တွေနဲ့ ကြေးတွေအပြည့်ထည့် လှူတယ်, ကြေးခွက်တွေနဲ့ ဒီပြင်အဖိုးတန်ပစ္စည်းတွေ စိန်မြ ကျောက်တွေ အပြည့်ထည့်လှူ ရှစ်သောင်းလေးထောင်, ရှစ်သောင်းလေးထောင်လှူတယ်၊ နွားတွေ ဆင်မြင်း အကုန် ရှစ်သောင်းလေးထောင်ချည်းလှူတယ်, မောင်နိုင် မကြီးကျယ် ဘူးလား. . . (ကြီးကျယ်ပါတယ်ဘုရား)။

## အလှူခံထိုက်တဲ့ပုဂ္ဂိုလ်မရှိခဲ့ဘူး

အဲ့ဒါဟာ, သူဟာတဲ့ အလှူပေးချင်တဲ့စိတ်ပေါ်ပါ တယ်, ပေါ်တဲ့အခါကျလို့ရှိရင် သူဟာ ရေကရားလေးကိုင်ပြီး သကာလ ရေကရားလေးထဲမှာ ရေထည့်ပြီး ရေအောက်သွန်

www.dhammadownload.com



ကြည့်တယ်တဲ့, အလှူခံပုဂ္ဂိုလ် သာသနာတွင်း အလှူခံပုဂ္ဂိုလ်ရှိခဲ့သော်, အလှူခံထိုက်တဲ့ ပုဂ္ဂိုလ်ရှိခဲ့သော် ဒီရေကရားက ရေထွက်စေသတည်းလို့ သူဓိဋ္ဌာန်လိုက်တယ်, ရေလှည့်ပြီး [ငဲ့ပြီး] သွန်တာဘဲ, စောင်းသွန်တာဘဲ ဒကာဒကာမတို့ ရေအောက်မကျဘူး. . . (မှန်ပါ)။ ကဲဒကာဒကာမတို့ သာသနာပကျလို့ရှိရင် အလှူခံစင်ကြယ်တဲ့ပုဂ္ဂိုလ်မရှိဘူး. . . (မှန်ပါ)။ ခုလိုရဟန်းတွေ ဘာတွေဆို ဖေးလို့ပေ့ါဗျာ. . . (မှန်ပါ)။ ဒါနဲ့သူ့ဟာသူ- သြော်-လှူတော့လှူရမှာဘဲ, အလှူခံပုဂ္ဂိုလ်တွေက မရှိပါလား, အလှူခံထိုက်တဲ့ပုဂ္ဂိုလ်တွေ, အဖိုးတန် အလှူခံထိုက်တဲ့ ပုဂ္ဂိုလ်တွေ မရှိပါလားဆိုပြီး ဓိဋ္ဌာန်ပြီး,

ရေကရားသွန်ကြည့်တော့ ရေကိုမထွက်ဘူးမောင်နိုင် (မှန်ပါ)။ ဒါနဲ့ ကိုင်း ရှိပါစေတော့ အလှူခံ ပုဂ္ဂိုလ်တွေကတော့ဖြင့် စင်ကြယ်တဲ့ပုဂ္ဂိုလ်လည်း မရှိဘူး, အလှူခံထိုက်တဲ့ ပုဂ္ဂိုလ်လည်း ကောင်းကောင်းမရှိတာဖြင့် ဒီရေကရားကဘဲ ဓိဋ္ဌာန်လိုက် တော့ ရေမထွက်ပဲနေတာ ကိုစောမောင် သက်သေခံလုံလောက်ပါတယ်. . . (လုံလောက်ပါဘုရား)။

## အလှူပေးတဲ့ပုဂ္ဂိုလ်ကစင်ကြယ်တယ်

အလှူပေးပုဂ္ဂိုလ်က စင်ကြယ်ပါရဲ့လားလို့ဆိုပြီး သကာလ သူ့စိတ်ထဲမှာ, အလှူပေးပုဂ္ဂိုလ်က စင်ကြယ်လို့

www.dhammadownload.com



ရှိရင်လည်း ဒီရေကရားက ရေထွက်စေသတည်း ဆိုတော့ ကိုစောမောင် ရေသွန်လိုက် ထွက်လာတယ်. . . (မှန်ပါ)။ ဟောသူတစ်ယောက်ထဲ စင်ကြယ်တယ်, အလှူပေးပုဂ္ဂိုလ်က သာ စင်ကြယ်တယ်. . . (မှန်ပါ)။ အလှူခံပုဂ္ဂိုလ်က. . . (မစင်ကြယ်ပါဘူးဘုရား)။ ရှိလည်းမရှိဘူး အလှူခံထိုက်တဲ့လူ က . . . (မှန်ပါ)။ သဘောပါလား. . . (ပါပါတယ်ဘုရား)။ ဒါနဲ့သူ ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင်နဲ့ ငွေတွေ ထည့်ပြီး သကာလ, ဒီဆင်-ဆင်ရှစ်သောင်းလေးထောင်, မြင်း ရှစ်သောင်းလေးထောင် မောင်နိုင်စုံလို့ပေါ့ကွာ. . (မှန်ပါ)။

## သာသနာပမှာလည်းရှိတယ်

ကဲ-ဒကာ-ဒကာမတို့ အဲဒါ သာသနာပမှာ သူရှိ နေတယ်ဆိုတာ သဘောကျလား. . (ကျပါတယ်ဘုရား)။ ဒိဋ္ဌိက မကွာတော့ နိဗ္ဗာန်ကမရောက်ဘူး. . . (မှန်လှပါ)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။ သီလလည်း စကြဝတေးမင်းကြီးက လေးကျွန်းစလုံးဘဲ ငါးပါးသီလဘဲ သူလျှောက်ဟောတာဘဲ ကိုစောမောင်. . . (မှန်ပါ)။ ဘယ်သူ နိဗ္ဗာန်သွားတယ်လို့ရှိရဲ့လား၊ (မရှိပါဘူး)။ သဘော ပါလား. . . (ပါပါတယ်ဘုရား)။

သို့သော်. မပါလို့မပြီးပါဘူးတဲ့ သီလက လုံခြုံအောင်

www.dhammadownload.com



တော့ လုပ်ကြရမှာဘဲတဲ့, သူချည်းသက်သက်မပြီးတာ ပြောတာ. . . (မှန်ပါ)။ ရှင်းပြီလား၊ (ရှင်းပါတယ်)။ သူ့ချည်း သက်သက်ဖြင့် ဒိဋ္ဌိကွာရဲ့လား. . . (မကွာပါဘူး)။ မကွာ ပါဘူးတဲ့ဒါကြောင့် မရနိုင်ဘူး, သူလည်းမပါရင် မပြီးဘူး. . . (မှန်ပါ)။ ကဲ-ဒါဖြင့် ဝေလာမပုဏ္ဏားကြီးထောက်သဖြင့်လည်း ဒါနတွေ့ သာသနာပလည်း အထူးတလည်ရှိကြောင်းကို ထင်ရှားတယ်ဆိုတာပေါ်သွားပြီ. . . (ပေါ်သွားပါ ဘုရား)။

သီလလည်း စကြဝတေးမင်းကြီး, စကြဝတေးမင်းဆိုတာ သာသနာပမှာ ပေါ်ရတာဘဲ. . . (မှန်ပါ)။ ငါးပါးသီလတွေ လည်း သူဟောနေတာဘဲ, သူ့ထဲမယ်၊ (မှန်ပါ)။ ဒီလိုဘဲ ပါဏာတိပါတ, သူ့အသက်မသတ်ကြနဲ့, သူ့ဥစ္စာမခိုးကြနဲ့, သူ့သား မယားဆီသွားလိုက် လွန်ကျူးမှုမလုပ်ကြနဲ့, မုသား မဆိုကြနဲ့, သေရည်သေရက် မသောက်ကြနဲ့ ဒါဘဲဆုံးမခဲ့တာ ဘဲတဲ့. . . (မှန်ပါ)။ သဘောပါလား၊ (ပါပါတယ်)။ ဒါဘဲ ဆုံးမခဲ့တာဘဲတဲ့, အဲ့ဒီတော့ ဒါတွေဟာ သာသနာပတရား တွေဆိုတာ ပေါ်ပြီလား. . . (ပေါ်ပါတယ်)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေကို လေးလေးနက်နက်ဆုံးမတယ်, ခင်ဗျားတို့ အခုအချိန်မှာ ကိုယ့်ခန္ဓာထဲမှာ ဝေဒနာလေးတွေ၏ ဖြစ်ပျက်၊ သို့မဟုတ် ကိုယ့်စိတ်ကလေး၏ ကိုယ်ဖြစ်ပျက်ကို မမြင်သေးလို့ရှိရင်

www.dhammadownload.com



ဒီဟာ သာသနာတွင်းတော့ မွေးတာဘဲ, ဒီတော့ သာသနာဝမ်းထဲ မရောက်သေးဘူးလို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ)။

## သာသနာဆိုတာအဆုံးအမ

သဘောကျလား. . . (ကျပါတယ်)။ သာသနာတွင်းတော့. . . (မွေးပါတယ်)။ မွေးပါတယ် သာသနာဝမ်းထဲကို . . . (မရောက်သေးပါဘူး)။ ကိုစောမောင် ကျေနပ်ပြီလား (ကျေနပ်ပါတယ်ဘုရား)။

သာသနာတွင်းတော့ဖြင့် သူမွေးပါတယ်၊ ငါးထောင်အတွင်းမွေးကြတာကိုး. . . (မှန်လှပါ)။ သာသနာတွင်းကတော့ မွေးပါတယ်တဲ့ သို့သော် သာသနာအဆုံးအမ, သာသနာဆိုတာ အဆုံးအမ, အဲ့ဒီအဆုံးအမတော့ ဝမ်းထဲမရောက်သေးဘူး. . . (မှန်ပါ)။ ဖြစ်ပျက်မမြင်သေးလို့ရှိရင် (မှန်ပါ)။

ဒါကြောင့်ဘုန်းကြီးတို့ ဒကာဒကာမတွေ သာသနာတွင်းသားလည်းဖြစ်အောင်, သာသနာတွင်းသူလည်းဖြစ်အောင် ဒီဖြစ်ပျက်မြင်မှ ဒိဋ္ဌိကွာမယ်၊ (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ ဖြစ်ပျက်မြင်မှ ဘာတုံး ဒကာဒကာမတို့. . . (ဒိဋ္ဌိကွာမှာပါ)။ ဒိဋ္ဌိကွာမယ်ဆိုတာ သေချာပြီလား. . . (သေချာပါတယ်)။

www.dhammadownload.com



ဒါဖြင့်မရ, အရလုပ်မယ်ဆိုတဲ့ဥစ္စာမွေးစမ်း. . . (မှန်လှပါ)။ ဖြစ်ပျက်မမြင်မြင်အောင်လုပ်မယ်ဟ, အဖြစ်မမြင်လို့ရှိရင် အပျက်မြင်အောင်လုပ်မယ်ဟ ဟာအဖြစ်အပျက်နှစ်ခုစလုံး မြင်လို့ရှိရင်လည်း မြင်ဒီဟာတွေအဖြစ်ပဲမြင်မြင်, အပျက်ပဲမြင်မြင် မောင်နိုင် သာသနာတွင်းသားတော့ဖြစ်ပြီ၊ (မှန်ပါ)။ ကျွတ်တမ်းဝင်မည့် မျိုးစေ့လည်းမှန်ပြီလို့ ဆုံးဖြတ်ချက်ချ (မှန်လှပါ)။ ကျွတ်တမ်းဝင်မည့်မျိုးစေ့ကော. . . (မှန်ပါတယ်)။ မှန်ပြီလို့ဘုန်းကြီးတို့ ဒကာဒကာမတွေ ဆုံးဖြတ်ချက်ချပါ။

အခုကြည့်စမ်း, ငါဘုရား၏အယူကတော့ကွာတဲ့ ဒီရုပ်တရားသည် ဖြစ်တယ်ပျက်တယ်, ဒီဝေဒနာတရားသည် ဖြစ်တယ်ပျက်တယ်, ဒီသညာတရားသည် ဖြစ်တယ်, ပျက်တယ်, ဒီသင်္ခါရဆိုတဲ့ စေတနာသဘောသည် ဖြစ်တယ် ပျက်တယ်, ဒီစိတ်သည်ဖြစ်တယ်ပျက်တယ် အဲ့ဒီလိုသိရမည့် အယူဟာ ငါဘုရား၏ ထုံးစံအယူဝါဒပါဘဲ ဝစ္ဆပုဏ္ဏား ဟောနေတယ်. . . (မှန်ပါ)။

## သာသနာတွင်းသားဖြစ်ချင်ရင်

ကောင်းပြီ ဒါဖြင့် ဒကာ-ဒကာမတို့လည်း ဘုရား၏ အယူဝါဒအစစ်သာသနာတွင်းသူ သာသနာတွင်းသား

www.dhammadownload.com



ဖြစ်ချင်ရင် ဘာလုပ်ကြရမှာတုံး. . . (ဖြစ်ပျက်မြင်အောင် လုပ်ရမှာပါ)။ ခန္ဓာ၏ ဖြစ်ပျက်ကို မမြင်မြင်အောင်ကြည့် (မှန်ပါ)။ ရှင်းကြပြီလား. . . (ရှင်းပါတယ်)။ ဘာပါလိမ့်. . . (ခန္ဓာ၏ ဖြစ်ပျက်ကို မမြင်-မြင်အောင် ကြည့်ရမှာပါ)။ ခန္ဓာ၏ ဖြစ်ပျက်ကိုမြင်တော့မှ မှတ်လိုက်စမ်းပါတဲ့ ဒကာ-ဒကာမတွေ သစ္စာနဲ့ လျော်တဲ့ဉာဏ်ဝမ်းထဲရောက်တယ်. . . (မှန်ပါ)။ ဘယ်သူရောက်လည်း. . . (သစ္စာနဲ့လျော်တဲ့ဉာဏ် ရောက်ပါတယ်)။ ဖြစ်ပျက်က ဒုက္ခသစ္စာကိုး, သိတဲ့ဉာဏ်က သစ္စဉာဏ်သွားဖြစ်တော့ကို ဒကာ-ဒကာမတွေ ဖြစ်ပျက် မြင်တဲ့ဉာဏ်သည် သစ္စာနဲ့လျော်အောင်မြင်တဲ့ဉာဏ်ဘဲ. . . (မှန်ပါ)။

## ဘုရားပွင့်မှပေါ်တဲ့ဉာဏ်

ဖြစ်ပျက်ကဘာသစ္စာလည်း. . . (ဒုက္ခသစ္စာပါ)။ အဲ ဒုက္ခသစ္စာကိုမြင်တာပါဘဲတဲ့၊ ဒါအဲ့ဒီတော့ သစ္စာနဲ့ လျော်တဲ့ ဉာဏ်ဟာ ဘုရားပွင့်မှ ပေါ်တယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

ဘုရားမပွင့်ရင် ရှိကိုမရှိဘူး. . . (မှန်ပါ)။ ဘုရား သည် ဘယ်အကျိုးငှါ ဘုရားအဖြစ်ကို ဆုတောင်းပါလိမ့် မတုံး။ ဘယ့်နှယ်ကြောင့်ဘုရားဖြစ်၊ အိုသစ္စာသိလို့ ဘုရား

www.dhammadownload.com



ဖြစ်တယ်. . . (မှန်လှပါ)။ ရှင်းပြီလား၊ (ရှင်းပါတယ်)။ ဘုရားဟာ ဘယ့်နှယ်ကြောင့်ဘုရားဖြစ်. . . (သစ္စာသိလို့ ဘုရားဖြစ်ပါတယ်)။

အဲခင်ဗျားတို့လည်း အခု သာသနာတွင်းသူ, သာသနာတွင်းသားဖြစ်ချင်လို့ရှိရင် သစ္စာနဲ့လျော်တဲ့ ဖြစ်ပျက် သိအောင် လုပ်မှသာလျှင် အထက်သစ္စာကို သိမယ်လို့ ကိုစောမောင် အသေအချာမှတ်ပါ. . . (မှန်ပါ)။ ဒါသစ္စာနဲ့ စ,လျော်ပြီနော် . . . (မှန်ပါ)။ ဖြစ်ပျက်မြင်လို့ရှိရင် သစ္စာနဲ့ စ,လျော်ပြီ ဒကာ ဒကာမတို့နော်. . . (မှန်လှပါ)။ သဘောပါ ကျလား. . . (ပါပါတယ်)။ အဲ့ဒီတစ်ချက်ဖြစ်ပျက်ကို မြင်လို့ ရှိရင်ဖြင့် စူဠသောတာပန် အမျိုးအစားသေသေချာချာ ရောက်တယ် (မှန်ပါ)။

တစ်ဘဝတော့ အပါယ်မလားဘူးဒကာ-ဒကာမတို့ ဖြစ်ပျက်မြင်လို့ရှိရင်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ဖြစ်ပျက်မြင်လို့ရှိရင် တစ်ဘဝတော့ ဘယ့်နှယ် (အပါယ်မလားပါဘူး)။ အပါယ်မလားတာသေချာတယ်ဆို တာ ဒီမြင်ဟာတွေကတော့ အာသန္နကံ ဝင်နှောင့်ယှက် လိုက်တယ်ဆို ကိုစောမောင်သွားတာဘဲ. . . (မှန်ပါ)။ မသွားပေဘူးလား. . . (သွားပါတယ်)။

www.dhammadownload.com



## မလ္လိကာမိဖုရားကြီး

အဝီစိငရဲကြီးထဲ ဒီဟိုဒင်းတို့ မလ္လိကာ မိဖုရားကြီးတို့ ဟာ အသဒိသ ဒါနအလှူကြီး လှူလိုက်တယ်ဆိုတော့ ဘုရား ကိုယ်တိုင်ရှိတုန်းကို လှူချလိုက်တာ၊ (မှန်ပါ)။ အသဒိသဒါန ဆိုတာ ခုနဝေလာမပုဏ္ဏားလိုပဲ မောင်နိုင်ရ. . . (မှန်ပါ)။ ဝေလာမပုဏ္ဏားဆိုတာလည်း ဘုရားတစ်ဆူကြား တစ်ခါပေါ် တာဘဲ. . . (မှန်လှပါ)။ ဒီမလ္လိကာတို့လှူတဲ့အလှူဟာလဲ အသဒိသဒါနအလှူ ဘယ်သူနဲ့မှ မတူအောင် လှူတာ, ရှင် ဘုရင်နဲ့ မိဖုရားက လှူတာ သဘောကျလား. . . (ကျပါ တယ်)။

အဲ့ဒါဘုရားတစ်ဆူမှ တစ်ခါပေါ်တဲ့အလှူ. . . (မှန်ပါ)။ ဘယ်သူမှ နှစ်ခါလှူလို့လည်းမရဘူး, ဒီဥစ္စာကို သူ့ထက် သာတာမှ မရှိတော့ဘဲ. . . (မှန်ပါ)။ အဲ့ဒါတောင်မှ စိတ်မချရသေးဘူး, အဲ-အဝီစိခုနစ်ရက် ကျသွားသေးတယ်၊ သေသည်၏ အခြားမဲ့၌အတွက် အာသန္နကံ ဝင်နှောင့်ယှက် ချလိုက်တယ်. . . (မှန်ပါ)။ စိတ်ချရရဲ့လား. . . (မချရပါ ဘူး)။ အာသန္နကံလေး ဝင်နှောင့်ယှက်ချလိုက်တော့ ဒကာ ဒကာမတွေ ခုနက တစ်ဘဝအပါယ်မလား သလောက် တောင်မှ သူမလာဘူး. . . (မှန်ပါ)။ ကိုစောမောင် လာရဲ့ လား. . . (မလာပါဘူး)။

www.dhammadownload.com



ဖြစ်ပျက်မြင် တစ်ဘ၀အပါယ်မလားဘူး စူဋ္ဌသောတာပန်ဖြစ်လို့. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ အထက်မရချင်နေပါစေဦး, ခုနက အသဒိသအလှူကြီးသမားက တစ်ဘ၀မလားဘူးဆိုရမလား စုတေပြီး တစ်ခါထဲ အဝီစိကျသွားတယ်ဆိုတာ ထင်ရှားတယ်. . . (မှန်ပါ)။ မထင်ရှားဘူးလား၊ (ထင်ရှားပါတယ်)။ အဲ့ဒါတွေကြောင့် ဒကာဒကာမတွေ သာသနာတွင်းတရားဟာ ဘယ်တရားတုံးဆိုတာ ယနေ့ခင်ဗျားတို့ တရားတစ်ပွဲလုံး ဆုံးဖြတ်ချက်ချအောင်ပြောနေတယ်. . . (မှန်ပါ)။

ဘာမြင်မှဘဲ. . . (ဖြစ်ပျက်မြင်မှပါ)။ ခန္ဓာ၏ ဖြစ်ပျက်ကို မမြင်မြင်အောင် ကြိုးစားပါ, မြင်မှဘဲ သာသနာတွင်းသား အပါယ်မလားတဲ့ တစ်ဘ၀အပါယ်မလားတဲ့ ပုဂ္ဂိုလ်စဖြစ်တော့တယ်နော်. . . (မှန်ပါ)။ သေချာပြီလား၊ (သေချာပါတယ်)။

## တိဿရဟန်းကြီး

ကောင်းပြီ ဒါဖြင့် ဟိုတိဿကြီး ဇေတဝန်ကျောင်းနေတဲ့ သီလတော့ အတော်လုံတဲ့ ကိုယ်တော်ကြီးဘဲ, အာသန္နကံဝင်ပြီး သင်္ကန်းလေး ဥပါဒါန်စွဲလိုက်တဲ့, သေခါနီးမှာ အာသန္နကံ ဝင်ဖျက်လိုက်တော့ သန်းကြီးသွားဖြစ်လိုက်တာ

www.dhammadownload.com



လည်း ကိုစောမောင် ခဏခဏပြောနေတယ်. . . (မှန်ပါ)။ မပြောဘူးလား. . . (ပြောပါတယ်)။ သီလမှာတော့ ဇေတဝန်ကျောင်း ဘုရားနဲ့အတူနေတဲ့ ကိုယ်တော်ကြီးဘဲ စိတ်မချရလို့ ကျသွားတာပေါ့. . . (မှန်ပါ)။ မကျပေဘူးလား. . . (ကျပါတယ်)။ သီလမှ ရိုးရိုးသီလလားဆိုတော့ နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သောသီလ. . . (မှန်လှပါ)။ သဘောကျလား. . . (ကျပါတယ်)။

## သင်္ကန်းပေါ်မှာသန်းဖြစ်တယ်

ငါးပါးလောက် ရှစ်ပါးလောက်ကို မဟုတ်ပါဘူး, နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သောသီလနဲ့ နေတာတောင် အာသန္နကံဆိုတဲ့ သူ့နှမလှူတဲ့သင်္ကန်း နက်ဖြန်ဝတ်မလို့ ထားတာကို ဒါလေးစွဲပြီး ညအစာမကျေတဲ့ ဝေဒနာနဲ့ သေချလိုက်တာ တစ်ခါတည်း သင်္ကန်းပေါ် သန်းဖြစ်နေတယ်ဆိုတာ ဘုရားလက်ထက်သက်သက်ပဲ (မှန်ပါ)။ ဒီသီလ ပြောစရာ လိုသေးလား. . . (မလိုပါဘူး)။

အဲ့ဒါကြောင့် ဖြစ်ပျက်မပါသေးလို့ရှိရင် အပါယ်စိတ်မချရသေးဘူး၊ (မှန်ပါ)။ ဖြစ်ပျက်မြင်တဲ့ ဉာဏ်မရသေးရင် (အပါယ်စိတ်မချရပါဘူး)။ ကိုစံလှ ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်)။ ဒါဖြင့် ဒကာ-ဒကာမတို့ တရားတစ်ပွဲ

www.dhammadownload.com



လုံးဘဲ သတိပေးလိုက်ပါတယ်, ဒီဟာ မလုပ်မဖြစ်ဘူး, တို့မှာ ဖြင့် ဒီအရေးဟာ အကြီးဆုံးအရေး သာသနာတွင်း တို့ဆုတောင်းလို့ သာသနာတွင်းထဲတော့ တို့ရောက်လာတယ်၊ သာသနာ့အဆုံးအမတို့ရပြီလား, မရပြီလားလို့ ကိုယ့်ဟာကိုယ် စစ်ဆေးပါ. . . (မှန်ပါ)။

ခင်ဗျားတို့ အခုသာသနာနှစ်ထောင့်ငါးရာကျော်, နှစ်ထောင့်ငါးရာအတွင်းမှာဘဲ မွေးတဲ့ ဖွားကြတဲ့ပုဂ္ဂိုလ်တွေ ဘုန်းကြီးတို့နှင့်တကွ အတူတူပါဘဲ အဲ့ဒါ သာသနာတွင်း တွေ့ရ, ကြုံရ, ဆုံရပါဇို၏ဆိုတဲ့ဥစ္စာ ရပ်ပြစ်ရှစ်ပါးက လွတ်ပြီးသကာလလာတာ ဆုတောင်းကတော့ ပြည့်လာပြီ၊ သာသနာတွင်းတော့ ရောက်ပြီ. . . (မှန်ပါ)။ သာသနာဝမ်း ထဲ ရောက်ပြီလား မရောက်ဘူးလားဆိုတာတော့ ကိုယ်ဟာ ကိုယ်မေးကြည့်မှ သိမယ်. . . (မှန်ပါ)။

## သာသနာ့ဝမ်းထဲရောက်ပြီလား

အဖြစ်အပျက်မြင်တဲ့ပုဂ္ဂိုလ်ကြတော့ ကိုစောမောင် ဘယ်လိုမြင်တုံး. . . (သာသနာဝမ်းထဲရောက်ပါတယ်)။ သာသနာဝမ်းထဲရောက်မယ်. . . (ရောက်ပါတယ်)။ သဘောကျလား၊. . . (ကျပါတယ်)။ သာသနာဝမ်းထဲ ရောက်မှုနဲ့ သာသနာတွင်းကြုံရုံမျှနဲ့ သာသနာဝမ်းထဲရောက်

www.dhammadownload.com



မှုနဲ့ အတော်ခြားနားဟယ်လို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ သူကမှ ဒိဋ္ဌိကို ဒကာ-ဒကာမတို့ ပယ်အောင်ပါးအောင် လုပ်နိုင်တာကိုးဗျ. . . (မှန်ပါ)။ ဒီ့ပြင်ဟာတွေက ဒိဋ္ဌိကို ပယ်အောင်ပါးအောင် လုပ်နိုင်ကြရဲ့လား. . . (မလုပ်နိုင်ပါဘူး)။

မလုပ်နိုင်တော့ ဒိဋ္ဌိရှိလို့ သောတာပန်မတည်တဲ့ ပုဂ္ဂိုလ် ဘယ်တော့အပါယ်လေးပါး လွတ်မည်လို့ကိုစောမောင် ဘုရားဟောတုန်း. . . (မဟောပါဘူး)။ သောတာပန် တည်သွားတဲ့ပုဂ္ဂိုလ်ကျတော့. . . (အပါယ်လေးပါးလွတ် ပါတယ်)။ ဘာ သူပယ်လိုက်လို့တုန်း. . . (ဒိဋ္ဌိပယ်လို့ပါ)။ သူသေချာနေတာ ဒိဋ္ဌိဘဲ, မောင်နိုင်ရေ အရေးတကြီး ပယ်ချ လိုက်. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။

အဲ့ဒါတွေနဲ့ဆိုတော့ ဒိဋ္ဌိပယ်ချင်လို့ရှိရင် ဒိဋ္ဌိဆိုတာ ဖြစ်ပျက်မသိတဲ့ပုဂ္ဂိုလ်မှာ ဒိဋ္ဌိကပ်နေတယ်. . . (မှန်ပါ)။ ဖြစ်ပျက်မသိတဲ့ပုဂ္ဂိုလ်. . . (ဒိဋ္ဌိကပ်နေပါတယ်)။ ဒိဋ္ဌိကပ်နေ တာဘဲဆိုတာ ဒကာ-ဒကာမတို့ သေသေချာချာဘဲ မှတ်ပါ . . . (မှန်ပါ)။ ဒီဖြစ်ပျက်မှု မတွေ့သေးတဲ့ ပုဂ္ဂိုလ်ဖြင့် ခန္ဓာကိုယ်ကြီးဟာ အစိုင်အခဲပညတ်ကြီးဖြစ်ပြီးသကာလ, ပညတ် နယ်ကကို မထွက်ဘူးလို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)။ ရှင်းကြပြီလား. . . (ရှင်းပါတယ်)။

www.dhammadownload.com



ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်ကိုဖြင့် မမြင်-မြင်အောင်ကြည့်မှုတို့သည် အပါယ်တံခါးစပိတ်တော့တယ်, နို့မို့ရင် တို့ ပွင့်တုန်းဘဲဆိုတဲ့ဥစ္စာ-ဆုံးဖြတ်ချက်ချပြီး, ဒီတရားတစ်ပွဲလုံးမှာ ခန္ဓာကိုယ်ထဲမှာ ဝေဒနာပေါ်လို့ရှိရင်လည်း သုခလေးပေါ်လည်း ဩော်ရှိသေးလား, မရှိသေးလား အမြဲတန်း စုံစမ်းရမယ်. . . (မှန်ပါ)။ ဒုက္ခပေါ်ရင် ရှိ-မရှိကိုစောမောင် (စုံစမ်းရပါ့မယ်)။ အင်-ဥပေက္ခာပေါ်ရင် ရှိ-မရှိ. . . (စုံစမ်းရပါမယ်)။

စုံစမ်းလိုက်တဲ့အခါ စုံစမ်းမှုသာ နောက်ကလာခဲ့တယ်, ဒကာ-ဒကာမတို့ မရှိဘူးဆိုတာကို ခုနက ဝေဒနာက တာဝန်ခံတယ်. . . (မှန်ပါ)။ ခင်ဗျားတို့က ခင်ဗျားတို့ တာဝန်က စုံစမ်းဖို့တာဝန်. . . (မှန်ပါ)။ ဟို ဓမ္မက သူ့ဟာသူပျက်စီးပြမည်, တာဝန်က သူ့ပင်ကိုသဘော နိယာမပျက်စီးပြမည့်တာဝန်က ဓမ္မ၏တာဝန်၊ (မှန်ပါ)။ နောက်က စစ်ဆေးတဲ့ တာဝန်က ယောဂီလုပ်လိုသောပုဂ္ဂိုလ်တို့၏ တာဝန်၊ (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။

## မှို့ဥပမာ၊ ဓမ္မနိယာမ

ဖြစ်ပျက်ပြရမှာက ဓမ္မ၏တာဝန်. . . (မှန်ပါ)။ နော် ခင်ဗျားတို့မကြည့်လည်း သူကတော့ဖြစ်ပျက်ပဲ. . . (မှန်ပါ)။

www.dhammadownload.com



ကြည့်ရင်ကော. . . (ဖြစ်ပျက်ပါ)။ အဲ့ဒါဓမ္မနိယာမ ရှင်းကြလား. . . (ရှင်းပါတယ်)။ ခင်ဗျားတို့မယ် ခင်ဗျားတို့က ဆွတ်ခူးမစားလည်း ကိုစောမောင် မှီကပေါက်ချိန်ကျတော့ ပေါက်မှာဘဲ၊ (မှန်ပါ)။ စွတ်ခူးစားလည်း ပေါက်ချိန်ကျတော့ ပေါက်မှာဘဲ. . . (မှန်ပါ)။ သဘောကျလား. ... (ကျပါတယ်)။ မှီကို ခင်ဗျားတို့က ခင်ဗျားတို့မစားလည်း သူ့ပေါက်တဲ့အချိန်ကျပေါက်မှာဘဲ, တော်သလင်းမှီ လာပါလိမ့်မယ် နောက်ကျတော့. . . (မှန်ပါ)။ မလာပေဘူးလား. . . (လာပါတယ်)။

အဲ့ဒါ ခင်ဗျားတို့နဲ့ ဘာဆိုင်တုံး၊ သူ့ပေါက်ချိန်မို လို့ သူပေါက်တာ. . . (မှန်ပါ)။ ခင်ဗျားတို့ ဆွတ်ခူးစားဖို့ ပေါက်တယ်လို့ မယူပါနဲ့. . . (မှန်ပါ)။ ယူလို့တော်ပါ့မလား (မတော်ပါဘူး)။ ခင်ဗျားတို့ ဆွတ်ခူးမစားနိုင်လည်း နေတဲ့နေရာမှာ သူမပေါက်ဘူးလား၊ ပေါက်သလား. . . (ပေါက်ပါတယ်) ကိုစောမောင်. . . (မှန်ပါ)။ ပေါက်တာဘဲ မဟုတ်လား. . . (ပေါက်ပါတယ်)။ ဒါမှို၏ သဘော မဟုတ်လား. . . (မှန်ပါ)။

ဒီမှာလည်း ခန္ဓာ၏ သဘောကတော့ သဗ္ဗေသင်္ခါရာ အနိစ္စ ဟောတယ်၊ ငါကတော့ မင်းတို့ကြည့်ကြည့် မကြည့်ကြည့် အနိစ္စနဲ့နေမယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်)။ ခန္ဓာ၏ သဘောကတော့ဘာတဲ့. .

www.dhammadownload.com



(အနိစ္စနဲ့နေမှာပါ)။ ခင်ဗျားတို့က ကြည့်ကြည့် မကြည့်ကြည့် (မှန်ပါအနိစ္စပါ)။ ဘာတုံးသူက. . . (အနိစ္စပါ)။ သူက အနိစ္စသဘောနဲ့နေမှာဘဲ၊ (မှန်ပါ)။ သူ့ပင်ကိုသဘောမှုလို ပေါ့, ပေါက်ချိန်ကျလို့ ပေါက်တာဘဲ၊ (မှန်ပါ)။ သူလည်း ပေါ်ချိန်ကျတော့ ပေါ်လိုက်တာဘဲ, ပျက်ချိန်ကျ ပျက်ချလိုက် တာဘဲ ကိုစောမောင်ရ. . . (မှန်ပါ)။

## မှိုပေါက်ချိန်မှာ နှုတ်ကြပါ

အဲ့ဒါ ခင်ဗျားတို့က ခင်ဗျားတို့တာဝန်က ဘာတုံးလို့ မေးတဲ့အခါကျတော့, မှိုပေါက်ချိန်ဟုတ်လား၊ ဒကာ-ဒကာမ တို့ မှိုပေါက်ချိန်ကို ကိုယ်ကမှန်းပြီးသကာလ, ဒီနေရာသွားပြီး နှုတ်ကြပြုကြလို့ရှိရင်လည်း မှို မှိုပိုင်ဖြစ်ကြမှာပေါ့ဗျာ၊ (မှန်ပါ)။ မဖြစ်ပေဘူးလား၊ . . . (ဖြစ်ပါတယ်)။ ခင်ဗျားတို့က နှုတ်ချိန် သွားမနှုတ်ဘူး, ယူလည်း မယူဘူးဆို မှိုလက်မဲ့ဘဲ ဖြစ်မှာဘဲ၊ . . . (မှန်ပါ)။ မဖြစ်ပေဘူးလား၊ . . . (ဖြ ါတယ်)။

ဒီမှာလည်း သူကတော့ ဖြစ်ပျက်တော့ပြမှာဘဲ, ခင်ဗျားတို့က, အင်း-မှိုနှုတ်ချိန် မနှုတ်သလို ဖြစ်ပျက်ကို မကြည့်ဘဲ နေလို့ရှိရင်ဖြင့် ခင်ဗျားတို့သန္တာန်မှာ မှို မှို၏ သဘောကို ကောင်းကောင်းမသိတဲ့အတွက်ဟဲ့ တစ်ခါတည်း ဒိဋ္ဌိနဲ့သာ မြဲနေတာဘဲ၊. . . (မှန်ပါ)။ သဘောကျလား၊ . . .

www.dhammadownload.com



(ကျပါတယ်)။ ဒိဋ္ဌိ- ဒိဋ္ဌိတည်းဟူသော မှေ့လျော်ခြင်းနဲ့ ဒိဋ္ဌမ္မတ္တကဆိုတဲ့ ဒိဋ္ဌိရှုး- ရှုးနေလို့ရှိရင်လည်း ဒီဖြစ်ပျက်ကို ဘယ်တော့မှမတွေ့ဘူး။. . . (မှန်လှပါ)။ သဘောကျလား။ . . . (ကျပါတယ်)။

ကဲ-ဒါဖြင့် ဒကာ, ဒကာမတို့ ခန္ဓာကိုယ်က အမြဲနိယမကဘာရှိတုံး၊ (အနိစ္စဖြစ်ပျက်ရှိပါတယ်)။ အနိစ္စ ဖြစ်ပျက်၊ . . . (မှန်ပါ)၊ ဒကာ, ဒကာမတွေ ခန္ဓာကိုယ်မှာ အမြဲရှိနေတာပြောစမ်းပါ။. . (အနိစ္စဘဲရှိပါတယ်)။ အနိစ္စဘဲ ရှိတယ်နော်၊ (မှန်ပါ)။ ဖြစ်ပျက်ဘဲရှိတယ်၊. . . (မှန်ပါ)။ မြန်မာလိုပြန်ရင် ဖြစ်ပျက်, အဲ ပါဠိလိုသုံးရင် အနိစ္စ - ကိုစောမောင်၊. . . (မှန်ပါ)။ ခင်ဗျားတို့ ကြည့်,မကြည့်တာဝန် ကခင်ဗျားတို့တာဝန်၊. . . (မှန်ပါ)။ ဉာဏ်နဲ့ကြည့်, မကြည့် တာဝန်က ယောဂီပုဂ္ဂိုလ်တို့၏တာဝန်ပါ။. . . (မှန်ပါ)။

ခန္ဓာက ပြမှု မပြမှုဆိုတာကတော့ကို ခန္ဓာ့သဘော ကတော့ ခန္ဓာ့သဘောဘဲ၊ ဖောက်ပြန်ပျက်စီးပြမှာဘဲ၊. . . (မှန်ပါ)။ ခန္ဓာကတော့ ပဋိသန္ဓေနေမယ်, အိုမယ်, နာမယ်, သေမယ် ခင်ဗျားတို့က ကြည့်ချင်ကြည့်, မကြည့်ချင်နေ သူ့လမ်းတော့ သူသွားမှာဘဲ၊. . . (မှန်ပါ)။ မသွားဘူးလား, သွားမှာလား။. . . (သွားပါတယ်)။ ဒီမှာလည်း ခန္ဓာက အနိစ္စ ခန္ဓာကိုယ်ကြီးမို့ ကိုစောမောင် သူက သူ့အလုပ်က ဘာလုပ်

www.dhammadownload.com



မယ်ထင်တုံး။. . . (အနိစ္စအလုပ် လုပ်မှာပါ)။ အနိစ္စဘဲ သူလုပ်မြဲလုပ်နေမှာဘဲ၊. . . (မှန်ပါ)။

ခင်ဗျားတို့က ဆရာဘုန်းကြီးပေးထားတဲ့ဉာဏ်, ဘုရားပေးထားတဲ့ဉာဏ်, ကလျာဏမိတ္တသူတော်ကောင်း ပေးထားတဲ့ဉာဏ်တွေနဲ့ ကြည့်ပေးလိုက်ရုံဘဲ၊. . . (မှန်ပါ)။ ကြည့်ပေးလိုက်တဲ့အခါကျတော့ ကြည့်နိုင်တဲ့ပုဂ္ဂိုလ်, မြင်နိုင်တဲ့ပုဂ္ဂိုလ် ဒိဋ္ဌိပြုတ်၍ အပါယ်တံခါး ပိတ်လိုက်တာဘဲ၊. . . (မှန်ပါ)။

မကြည့်ဘူး ဒီတိုင်းနေလို့ရှိရင်လည်း, ဒိဋ္ဌိမပြုတ်၍ အပါယ်တံခါးပွင့်နေတာဘဲ၊. . . (မှန်ပါ)။ ကိုစံလှ ကောင်းကောင်းရိပ်မိပြီလား၊. . . (ရိပ်မိပါတယ်ဘုရား)။

## ဓမ္မအလုပ်နှင့်ကိုယ့်အလုပ်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ, ကိုယ့်အလုပ်ကဘာတုံး၊ ဓမ္မအလုပ်ကဘာတုံးလို့ မေးဖို့ မလိုဘူးလား . . . (လိုပါတယ်)။ ဓမ္မအလုပ်က ဖြစ်ပျက်ပြဖို့ အလုပ်ဟာ ဓမ္မအလုပ်ပဲ. . . (မှန်ပါ)။ ခင်ဗျားတို့ကြည့်ဖို့၊ မကြည့်ဖို့လိုရင်း မဟုတ်ဘူး (မှန်ပါ) ကိုစောမောင်. . . (မှန်ပါ)။ ဓမ္မအလုပ်က ဘာပါလိမ့်. . . (ဖြစ်ပျက်ပြဖို့အလုပ်ပါ)။ ဖြစ်ပျက်ပြဖို့အလုပ်ခင်ဗျားတို့အလုပ်က ပြတဲ့အချိန်မှာ ဉာဏ်နဲ့

www.dhammadownload.com



ကြည့်ဖို့ အလုပ်ဟာ ယောဂီပုဂ္ဂိုလ်တို့၏အလုပ်ပါ. . . (မှန်ပါ)။ အဲ့ဒါဒီအခုဒီနေ့ ရှင်းရှင်းလင်းလင်းပြောတယ်, ဖြစ်ပျက်ပြဖို့အလုပ်က ခန္ဓာ့အလုပ်. . . (မှန်ပါ)။ မောင်နိုင် (မှန်ပါ)။ ကြည့်တဲ့အလုပ်က. . . (ယောဂီတို့၏အလုပ်ပါ)။ ယောဂီတို့၏အလုပ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

## ဒိဋ္ဌိကအပါယ်သွားစေတယ်

ကဲ-မကြည့်တဲ့ပုဂ္ဂိုလ်သည်ကားလို့ဆိုလို့ရှိရင်ဖြင့် အင်း-ဒိဋ္ဌိနဲ့နေတဲ့ပုဂ္ဂိုလ်မို့ သူမကြည့်ဖြစ်ဘူး. . . (မှန်ပါ)။ ဒါဖြင့်- သူ့အပါယ်လေးပါး တံခါးဟာပွင့်လျက်ပဲ. . . (ပွင့်လျက်ပါ-မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ကြည့်တဲ့ပုဂ္ဂိုလ်ကျတော့ ဒိဋ္ဌိကလေးက ပြုတ်သွားတဲ့အတွက် မိစ္ဆာဒိဋ္ဌိပြုတ်ပြီး-သမ္မာဒိဋ္ဌိရောက်လာတဲ့အတွက် ဒကာ-ဒကာမတို့ အပါယ်တံခါးပိတ်သွားပြန်တယ်၊ (မှန်ပါ)။ ဒါဖြင့် ပိတ်မှုဖွင့်မှုဟာ ပိတ်မှုပွင့်နေမှုကို ဒကာ-ဒကာမတွေမှာ ဘယ်သူပါလိမ့်မတုံး လက်သည်ရှာတော့ကို ဒိဋ္ဌိကဖွင့်မှု ဉာဏ်ကပိတ်မှု. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)

www.dhammadownload.com



## ဉာဏ်ကမှအပါယ်တားတယ်

အပါယ်တံခါးကို ဒိဋ္ဌိက. . . (ဖွင့်မှုပါ)။ ဉာဏ်က (ပိတ်မှုပါ)။ အဲ ခင်ဗျားတို့ ဒီကနေပြီးသကာလ ကျောက်ထပ်ကြီးမှာရှိတဲ့ ဒိုင်နမိုကနေပြီး ခလုပ်သာဖြုတ်လွှတ်လိုက်ပါ, ဒီမီးတွေဖွင့်မှုဟာ ကိုစောမောင် အင်းဒီလာံပြီး ဖွင့်နေရသေးလား. . . (မနေရပါဘူး)။ မနေရတော့ပါဘူး ဟိုကနေပြီး ခလုတ်ဖွင့်လိုက်လို့ရှိရင် နောက်သုတ်လိုက်လို့ရှိရင်ဖြင့် အင်းမီးတွေက ပွင့်လာတာဘဲဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်)။

ဆို့အတူဘဲတဲ့ လူ့ပြည်ကနေပြီးသကာလ ငရဲမှာတံခါးကိုလည်း ဒီကနေပြီး ပိတ်လည်းရတာဘဲ. . . (မှန်ပါ)။ ဒီကနေ ဖွင့်ကော. . . (ရပါတယ်)။ ဒီကနေ ခလုတ်ရှိနေတာကိုး. . (မှန်ပါ)။ ဒီအိမ်မှာရှိတဲ့မီးတွေ ဘယ်လိုက်ဖွင့်ပေးနိုင်ပါ့မတုံး ဒကာ-ဒကာမတို့. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။ ဒါဖြင့် ခင်ဗျားတို့ဝမ်းထဲမှာ ငရဲတံခါးကို ပိတ်တတ်တဲ့တရား, ဖွင့်တတ်တဲ့တရားလည်းရှိတယ်. . . (မှန်ပါ)။ ငရဲ တံခါးကို (ပိတ်တတ်တဲ့တရားလည်းရှိပါတယ်)။

ပိတ်တတ်တဲ့တရားလည်းရှိတယ်, အဲ့ဒါဖွင့်တတ်တဲ့တရားကဒိဋ္ဌိမိစ္ဆာဒိဋ္ဌိ သဘောကျလား. . . (ကျပါတယ်)။ ပိတ်တတ်တဲ့တရားက. . . (သမ္မာဒိဋ္ဌိပါ)။ အင်း ဖွင့်တတ်တဲ့

www.dhammadownload.com



တရားက. . . (မိစ္ဆာ ဒိဋ္ဌိပါ) ပိတ်တတ်တဲ့တရားက. . . (သမ္မာ ဒိဋ္ဌိပါ)။ နှစ်လုံးဘဲ, ကျေနပ်ပြီလား ဒကာ-ဒကာမတို့ (ကျေနပ်ပါတယ်)။

ခင်ဗျားတို့ ဒီလိုအတိုင်း မနေပါနဲ့ဆိုတာ ငယ်တဲ့လူရော ကြီးတဲ့ပုဂ္ဂိုလ်တွေရော အကုန်ပြောလိုက်တယ်. . . (မှန်ပါ)။ ပိတ်ချင်လည်း ဒီကပါဘဲ. . . (မှန်ပါ)။ ဖွင့်ချင်ကော (ဒီကပါ)။ ဒိုင်နမိုကဘဲဆိုတာ သဘောကျလား. . . (ကျပါတယ်)။ ဝမ်းထဲတည်းဟူသော ဒိုင်နမိုကနေ ဖွင့်ချင်လည်း သူက ပါဘဲ. . . (မှန်ပါ)။ ပိတ်ချင်ကော. . . (သူကပါဘဲ)။

ဒါ့ကြောင့် ဒကာ-ဒကာမတို့ "ကမ္မံ သတ္တေ ဝိဘဇတိ" ဆိုတဲ့ဥစ္စာဟာ ဒီဒိဋ္ဌိနဲ့ တွဲနေတဲ့ကံကလည်း ဖွင့်ပေးလိုက်တာဘဲ (မှန်ပါ)။ ဒိဋ္ဌိချုပ်ငြိမ်းတဲ့ကံကလည်း ဒကာ-ဒကာမတို့ ပိတ်ပေး လိုက်တာဘဲ. . . (မှန်ပါ)။ ရှင်းကြပြီလား (ရှင်းပါတယ်)။

## လှူ့ပြည်ကိုဘယ်သူဖွဲ့လိုက်သတုံး

အဲ့ဒီတော့ကို ခင်ဗျားတို့ စဉ်းစားကြည့်ပါ, အားလုံးဘဲ ရှင်းသည်ထက်ရှင်း, လင်းသည်ထက်လင်းအောင်လည်း ပြောပ့ါမယ်, လူ့ပြည်ဘယ်သူပို့လိုက်သတုံးဟေးလို့ မေးဖို့ မလိုဘူးလား. . . (လိုပါတယ်)။ ဟာ့လူ့ပြည်ကံကပို့လိုက်

www.dhammadownload.com



တယ်လို့ ဖြေကြမှာဘဲ. . . (မှန်ပါ)။ မဖြေကြပေလား. . . (ဖြေကြမှာပါ)။ ဒီကံသည် ဘယ်တုံးက ဘယ်ဘဝတုန်းက ဝမ်းထဲက ကံကနေပို့လိုက်တယ်ဆိုတာ သချာတယ်. . : (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ ဝမ်းထဲက ကံကနေပြီး လူ့ပြည်ပို့လိုက်တာဘဲ, ကိုယ်စီစဉ်လာလို့ရောက်လာတာ, အဲ့ဒီကံစီမံလိုက်တာလား. . . (ကံစီမံလိုက်တာပါ) တစ်ခါလူ့ပြည်ကနေပြီးသကာလ လူ့ပြည်ရောက်လာတော့လည်း ကံကပို့လိုက်တာဘဲ, လူ့ပြည်ကနေ အပါယ်သွားတဲ့ အခါကျတော့လည်း ဝမ်းထဲမှာ ဒိဋ္ဌိနဲ့တွဲနေတဲ့ ကံကပို့လိုက်တာဘဲ ကိုစောမောင်ရဲ့. . . (မှန်ပါ)။

အဲ့ဒါကြောင့် အပါယ်စိတ်မချရသေးရင် ပြုံးချိန်နဲ့ မနေကြနဲ့ဦးဆိုတာ- သတိပေးလိုက်တယ်. . . (မှန်ပါ)။ အပါယ်စိတ်ချချင်ရင်တော့ ဘာလုပ်ရမတုံးလို့ မေးဖို့ မလို ဘူးလား. . . (လိုပါတယ်)။ ခန္ဓာမှာ အမြဲတန်းရှိနေတဲ့ အနိစ္စကို ဒကာ-ဒကာမတွေက သူရှိနေတာ မကြည့်ဘဲ မနေနဲ့. . . (မှန်ပါ)။ သူရှိနေတာကို, (မကြည့်ဘဲ မနေရပါဘူး)။ အို မကြည့်ဘဲ မနေနဲ့ ကြည့်သာကြည့်နေ. . . (မှန်ပါ)။

အဲ့ဒီတော့ အင်း ပိုက်ဆံကုန်ခံပြီး ကြည့်ရမှာလား, အင်း-နဂိုရှိပြီးသားကို အင်း-တည့်ပေးရုံဘဲလားလို့ မေးဖို့ မလိုဘူးလား. . . (လိုပါတယ်)။ ဘယ့်နှယ်ဖြေကြမလဲ. . .

www.dhammadownload.com



(နဂိုရှိပြီးသားကိုထည့်ပေးရုံပါဘုရား)။ အဲဆရာကောင်း သမားကောင်းဆီကနေ နည်းယူပြီးသကာလ ထည့်ပေးလိုက်လို့ရှိရင် အပါယ်တံခါးဟာ ပိတ်ထွက်သွားမယ်. . . (မှန်ပါ)။ ကိုစောမောင် ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်)။ ဒါဖြင့် အပါယ်တံခါးဖွင့်တာလည်း လူ့ပြည်ဒိဋ္ဌိက. . . (မှန်ပါ)။ အပါယ် တံခါးပိတ်တာလည်း လူ့ပြည်သမ္မာဒိဋ္ဌိက၊ မောင်နိုင် ဆိုနိုင်ပြီလား (ဆိုနိုင်ပါတယ်)။

ဒါဖြင့် ကိုမြင့်တို့ ကြိုးစားရလိမ့်မယ်. . . (မှန်ပါ)။ နောက်က ဒကာဒကာမတွေ ဘယ်လိုစိတ်ထားရှိကြ. . . (ကြိုးစားရမှာပါ)။ မကြိုးစားလို့ရှိရင် ဒီဟာကတော့ ဖြစ်ပျက်မြင်မှုဆိုကတည်းက မြင်အောင် ဝီရိယလေးစိုက်ရလိမ့်မယ် (မှန်ပါ)။ မြင်အောင် ပညာနဲ့ကော. . . (ကြည့်ရမှာပါ)။ ဒါ့ကြောင့် သတိထား, ဝီရိယစိုက်, ပညာနဲ့ရှု ကိုစောမောင် ခဏခဏမပြောဘူးလား. . . (ပြောပါတယ်)။

သတိလည်းထား, ဝီရိယလည်းစိုက်, ပညာနဲ့ရှုလိုက်လို့ရှိရင်ဖြင့် ဖြစ်ပျက်မြင်မှာဘဲ. . . (မှန်ပါ)။ မြင်ပြီး ခင်ဗျားတို့ ကဲ မဆုံးချင်နေ အိပ်နေဦးဆိုတာတောင် အပါယ် တစ်ဘဝတော့ သေချာတယ်. . (မှန်ပါ)။ ဟာဒီဖြစ်ပျက် တပည့်တော်တို့ဖြင့် ဘုရား မုန်းဆုံးပြီးသကာလ တပည့်တော် တို့ နိဗ္ဗာန်ဉာဏ် လောက်တင် မနေပါဘူး, ယထာဘူတဉာဏ်နဲ့

www.dhammadownload.com



မနေပါဘူး၊ နိဗ္ဗိန္ဒဉာဏ်တက်ပါဦးမယ် ငြီးငွေ့အောင်ကို၊ ဟာ နိဗ္ဗိန္ဒဉာဏ်နဲ့ မနေပါဘူးဘုရား မဂ်ဉာဏ်ပေါ် အောင် ဖြစ်ပျက် ဆုံးသည့်တိုင်အောင် တပည့်တော်တို့ လိုက်လိုက်ပါမယ် ဆိုလို့ရှိရင် လူ့ပြည်ကနေ ပိတ်လိုက်တာဘဲ. . . (မှန်ပါ)။ ဟိုမှာ ကိုယ့်အတွက် ငရဲတွေကတော့ အကုန်ပျောက်တာ ဘဲ. . . (မှန်ပါ)။ ကိုစောမောင်. . . (ပျောက်ပါတယ်)။ သဘောပါလား. . . (ပါပါတယ်)။

## သာသနာတွင်းတရားဟာ ဘယ်တရားပါလိမ့်

ဒါဖြင့် သာသနာတွင်းတရားဟာ ဘယ်တရားပါလိမ့် ဒကာဒကာမတို့ (ဖြစ်ပျက်မြင်မှုတရားပါ)။ ဖြစ်ပျက်မြင်မှုဟာ သာသနာတွင်း တရားအစစ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ အဲ့ဒီတော့ကို ဖြစ်ပျက်မြင်မှုသည် သာသနာတွင်း တရားဖြစ်ပြီးသကာလ, ဖြစ်ပျက်မြင်ရင် ဘာကျေးဇူးပြုမတုံးဆိုတော့ ဟောဒီက ဒကာ-ဒကာမတွေ ခန္ဓာ ဝေဒနာထား- ဝေဒနာသုံးပါးထားပါ တဲ့၊ ဝေဒနာသုံးပါးလှည့်ပြီး ခံစားနေတဲ့ ဘာ-ဘယ်သူတုန်းလို့ မေးလို့ရှိရင် ယောကျ်ားမှာ ဝေဒနာသုံးပါး လှည့်နေတာဘဲ. . (မှန်ပါ)။ မိန်းမမှာကော. . . (ဝေဒနာသုံးပါးလှည့်နေပါ တယ်)။ လှည့်နေတာဘဲ သဘောပါလား. . . (ပါပါတယ်)။

www.dhammadownload.com



အဲ့ဒါသည် ဝေဒနာသည်ကားလို့ဆိုရင် ခန္ဓာဘဲ. . . (မှန်ပါ)။ ခန္ဓာ့ဝေဒနာ ဝေဒနာက္ခန္ဓာလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။ ခန္ဓာသဘောက ဘာပြောမတုံးလို့ မောင်နိုင်တို့ ခုနက သင်ပေးခဲ့တယ်. . . (မှန်ပါ)။ သူ ဘယ်လို ပြောလိမ့်မယ်ထင်. . . (ဖြစ်ပျက်ပြမှာပါ)။ အနိစ္စ ပြမှာဘဲ. . . (မှန်ပါ)။ ခန္ဓာသဘောက သူ့နိယာမကိုး ကိုစံလှရေ. . . (မှန်ပါ)။ သူ့သဘောက ဘာပြမယ်ထင်. . . (အနိစ္စပြမှာပါ)။

အင်း-အနိစ္စပြတာကို ကျုပ်တို့ ဒကာ-ဒကာမတွေက ဒီကနေပြီးသကာလ, သူကပြတာကိုး၊ သြော်အပါယ်ငရဲကျမှာ စိုးသောကြောင့် အပါယ်ငရဲတည်းဟူသော တရားကို အင်း ဆိုးဝါးတဲ့ နေရာဌာနကြီး ရောက်မှာစိုးသောကြောင့် ဒီဟာ တော့ဖြင့် သတိထားပြီး, ဝီရိယစိုက်ပြီးသကာလ, အကြွ ကောင်းဉာဏ်ကောင်းနဲ့ ရှုပေးမယ်လို့, ဒီကနေပြီး ဒါ မိမိခန္ဓာ ကိုသာ ရှုပေးလိုက်. . . (မှန်ပါ)။ ရှုပေးလိုက်တော့ မိမိခန္ဓာ ရှုလိုက်တော့ ကိုယ်ကလုပ်ယူရမည့်အနိစ္စလား, ခန္ဓာက ပြောမှာလား. . . (ခန္ဓာကပြောမှာပါ)။ ရှင်းကြပြီလား. . . (ရှင်းပါတယ်)။

www.dhammadownload.com



## ခန္ဓာကပြောတာ စောင့်ကြည့်ပါ

ကိုယ်ကလုပ်ယူရမှာလား, ခန္ဓာကပြောမှာလား. . . (ခန္ဓာကပြောမှာပါ) အဲ ခန္ဓာကပြောတော့ကိုး ကိုယ့် ကိုယ့် တာဝန်က သတိထားပြီး ဝီရိယစိုက်ပြီး ပညာလေးနဲ့ စောင့်ကြည့်နေရုံဘဲ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ သတိထား ဝီရိယစိုက် ပညာနဲ့စောင့်ကြည့်. . . (မှန်ပါ)။ သဘောကျလား၊ (ကျပါတယ်)။

ကိုယ့်တာဝန်ကဘာတဲ့. . . (သတိထား, ဝီရိယစိုက်, ပညာနဲ့စောင့်ကြည့်ရမှာပါ)။ အင်း-သတိထား ဝီရိယစိုက် ပညာနဲ့ ကြည့်ဆိုတော့ "အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ အဘိဇ္ဈာ ဒေါမနဿံ" ဒီပါဠိတော်ကို ပြောထားတာ (မှန်ပါ)။

အာတာပီ-ဆိုတဲ့ဥစ္စာ ဝီရိယစိုက်ပါလို့ ဘုရားက ဟောတာနော်. . . (မှန်ပါ)။. နေပက္ခော-ဆိုတာ-ပညာနဲ့ ကြည့်ပါဆိုတာ, သတိမာဆိုတာ သတိလည်းထားပါ. . . (မှန်ပါ)။ ဒီပါဠိတော်ကို မြန်မာလို ပြောထားတာ. . . (မှန်ပါ)။ အာတာပီဆိုတာ ဝီရိယ, သတိမာဆိုတာ သတိ-ဟုတ်လား. . . (မှန်ပါ)။ သမ္ပဇာနောဆိုတာ ပညာ သဘော ကျလား. . . (ကျပါတယ်)။ အဲ့ဒါသတိပဋ္ဌာန်ပါဠိတော် မောင်နိုင်ရ. . . (မှန်ပါ)။

www.dhammadownload.com



## ခန္ဓာ့သဘောခန္ဓာကပြောမှာပါ

ဒါကြောင့် သတိထား ဝီရိယစိုက် ပညာနဲ့သာ ကိုယ့်ခန္ဓာကြည့်. . . (မှန်ပါ)။ ဘာတဲ့. . . (သတိထား, ဝီရိယစိုက်, ပညာနဲ့ ကိုယ်ခန္ဓာကြည့်ရမှာပါ)။ ခန္ဓာကြည့်လိုက်တော့ ကိုယ်ကလုပ်ရမည့် ရှိတဲ့တရားက လုပ်ယူရမည့် အနိစ္စလား၊ ဒကာဒကာမတို့ ခန္ဓာသဘောကို ခန္ဓာက ပြောမှာလား . . . (ခန္ဓာ့သဘောကို ခန္ဓာက ပြောမှာပါ)။ ခန္ဓာသဘော ခန္ဓာက ပြောတော့မှာ ကိုယ်ကလည်း သတိထား, ဝီရိယလေးကလည်းစိုက်ပြီး ပညာနဲ့ကြည့်နေတော့မှ သူပြောတာက ကျုပ် ဟာဖြစ်ပြီး ပျက်တတ်တဲ့ သဘောဟာ ကျုပ်သဘောဘဲလို့ ဆိုတော့ သြော် သတိထားတဲ့ပုဂ္ဂိုလ်ကလည်း သိတယ်. . . (မှန်ပါ)။ ဝီရိယစိုက်တဲ့ပုဂ္ဂိုလ်ကကော. . . (သိပါတယ်)။ ပညာနဲ့ကြည့်တဲ့ပုဂ္ဂိုလ်က. . . (သိပါတယ်)။

ဒါ့ကြောင့် ခင်ဗျားတို့ သတိပဋ္ဌာန် ပါဠိတော်မှာ အားလုံး ဒကာ-ဒကာမတွေ "အာတာပီ နိပကော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ" လို့ မလာဘူးလား. . . (လာပါတယ်)။ အဲ့ဒါ သတိထား, ဝီရိယစိုက်, ပညာနဲ့ကြည့်ပေး. . . (မှန်ပါ)။ ကိုစောမောင် ခန္ဓာသဘောက ဘာပါလိမ့်. . . (အနိစ္စသဘောပါ)။ အနိစ္စသဘော ကိုယ်ကဘာ့သာလျှင် အခုဆရာသမား အကူအညီပေး

www.dhammadownload.com



လိုက်တော့ ဘယ်နှစ်ခုနဲ့ နေရမယ်ဆိုတာကိုကော ပေါ်ပြီလား. . . (ပေါ်ပါတယ်)။ ဘယ်နှစ်ခုနဲ့ပါလိမ့်. . . (သတိထား၊ ဝီရိယစိုက်ပြီး၊ ပညာနဲ့ကြည့်ရပါမယ်)။ နောက်က ဒကာ-ဒကာမတွေ ဘာတဲ့တုံး. . . (သတိထား၊ ဝီရိယစိုက်ပြီးပညာနဲ့ ကြည့်ရပါမယ်)။

## သတိ၊ ဝီရိယ၊ ပညာကခွဲလို့မရဘူး

သတိထားရမယ်၊ ဝီရိယစိုက်၊ ပညာနဲ့ကြည့်ဆိုတော့ ဩော် တပည့်တော်သုံးခုတောင် လုပ်ရမှာလားလို့ အောက်မေ့မနေပါနဲ့. . . (မှန်ပါ)။ ခန္ဓာစိုက်ပြီးသာ ကြည့်နေလိုက်လို့ ရှိရင် ဒီသုံးခုဟာ ပြိုင်ဝင်လာမယ်. . . (မှန်ပါ)။ ရှင်းပြီလား (ရှင်းပါတယ်)။ ဒီသုံးခုဟာ ဘယ်လိုပါလိမ့်. . . (ပြိုင်ဝင်လာပါတယ်)။ ပြိုင် သူတို့က ခွဲလို့မှ မရတဲ့တရားကို သတိ-ဝီရိယ-ပညာကခွဲလို့မှ မရဘဲ၊ ပြိုင်ဝင်ပြီးလာတဲ့အခါကျတော့ ဒကာ-ဒကာမတွေ ခန္ဓာကပြတာက ဖြစ်ပျက်၊ အင်းသူက လည်း ဖြစ်ပျက်လို့ဘဲ သိနေတယ် ပုဂ္ဂိုလ်သတ္တဝါပျောက်ထွက်သွားတယ်. . . (မှန်ပါ)။ ကိုစောမောင် ပျောက်၊ မပျောက်၊ (ပျောက်ပါတယ်)။

အဲ့ဒီကဲ့သို့ ပျောက်သွားတဲ့အခါကျလို့ရှိရင်ဖြင့် ဩော် ဒါအနိစ္စပါလား ယောကျ်ားတွေလည်းမဟုတ်၊ မိန်းမတွေ

www.dhammadownload.com



လည်း မဟုတ်ပါလားလို့ဆိုတဲ့ ယောကျ်ားလို့မှားနေတဲ့ အသိတွေ, မိန်းမလို့မှားနေတဲ့အသိတွေဟာ သတိထား, ဝီရိယစိုက်, ပညာနဲ့ကြည့်လိုက်တာ ဒိဋ္ဌိကပြုတ်ထွက်သွားတယ်. . . (မှန်ပါ)။ မပြုတ်သေးဘူးလား. . . (ပြုတ်ပါတယ်)။

## ဘယ်နှယ်ကြောင့်ဒိဋ္ဌိပြုတ်ပါလိမ့်

ဒိဋ္ဌိဘယ့်နှယ့်ကြောင့် ပြုတ်ပါလိမ့်မတုံး, ပညာဆိုတဲ့ သမ္မာဒိဋ္ဌိဝင်လာလို့. . . (မှန်ပါ)။ ကိုစောမောင်. . . (ပညာဆိုတဲ့သမ္မာဒိဋ္ဌိဝင်လာလို့ပါ)။ သတိထား, ဝီရိယစိုက်, ပညာနဲ့ကြည့်ဆိုတော့ ပညာက သမ္မာဒိဋ္ဌိမဟုတ်သေးဘူးလား၊ (ဟုတ်ပါတယ်)။ အဲ-သူဝင်လာလိုက်တာ မောင်နိုင် ဘယ်သူပြေးတုံးလို့မေးလို့ရှိရင်ဖြင့် အင်း-သမ္မာဒိဋ္ဌိဝင်လာတော့ မိစ္ဆာဒိဋ္ဌိပျောက်ရတယ်. . . (မှန်ပါ)။

ဒါဖြင့် အပါယ်တံခါး ဖွင့်တတ်တဲ့ တရားက မိစ္ဆာဒိဋ္ဌိ မဟုတ်လား. . . (မှန်ပါ)။ ကဲဒါဖြင့် အပါယ်တံခါးဖွင့်ထားတဲ့ တရားက သူဘဲဆိုလို့ရှိရင်ဖြင့် အပါယ်တံခါး ပိတ်တတ်တဲ့ တရားက သမ္မာဒိဋ္ဌိက ဝင်လာတယ်. . . (မှန်ပါ)။ သူ့ဝင် ပိတ်လိုက်တယ်. . . (မှန်ပါ)။ ကိုစောမောင်. . . (မှန်ပါ)။ မိစ္ဆာဒိဋ္ဌိက သူဖွင့်ထားတာ မဟုတ်လား. . . (မှန်ပါ)။ အင်း

www.dhammadownload.com



မိစ္ဆာဒိဋ္ဌိရှိတုန်းက ကျုပ်တို့ဝမ်းထဲမှာ မိစ္ဆာဒိဋ္ဌိရှိတုန်းက သူဖွင့်ထားတယ်. . . . (မှန်ပါ)။

ယခုအချိန်မှာ ဒကာ-ဒကာမတို့ သမ္မာဒိဋ္ဌိဝင်ပြီး သကာလလာတော့ သူထွက်ပြေးတယ်ဆိုသဖြင့် ပိတ်တဲ့တရားစင်မလာဘူးလား. . . (လာပါတယ်)။ ဒါ့ကြောင့် လူ့ပြည်ကနေဖွင့်တာဘဲ. . . (မှန်ပါ)။ ကိုစောမောင် ပိတ်တဲ့အခါကျတော့. . . (လူ့ပြည်ကနေပိတ်ပါတယ်)။ ခုန ဒိုင်နမိုကချည်း မှတ်ထားပါ. . . (မှန်ပါ)။ မီးငြိမ်းချင်ရင် ဒိုင်နမိုကသာ ခလုတ်တပ်လိုက် ငြိမ်းသွားတာဘဲ. . . (မှန်ပါ) ဟာ ဒိုင်နမိုက တပ်ထားတဲ့ ခလုပ်ဆွဲချလိုက်လို့ရှိရင် မီးတွေအကုန်ပွင့်လာတယ်. . . (မှန်ပါ)။ သဘောကျလား (ကျပါတယ်)။ ဒါဖြင့် ဒီကအချုပ်အခြာခံ ၁ သဘောကျလား. . . (ကျပါတယ်)။

ဘြော် ဝမ်းထဲက သတိထား, ဝီရိယစိုက်, ပညာနဲ့ကြည်ဆိုတဲ့ ပညာဆိုတဲ့ သမ္မာဒိဋ္ဌိသည်, မိစ္ဆာဒိဋ္ဌိနှင်ပစ်တာ သူကိုး. . . (မှန်ပါ)။ ဆိုနိုင်ကြလား. . . (ဆိုနိုင်ပါတယ်)။ အဲ့ဒါကြောင့် လေးလေးစားစားနဲ့မှတ်ပြီးသကာလ ဝတ္ထုက ဒီလောက်အရေးမကြီးဘူး ကိုစောမောင် လက်တွေ့လုပ်ဖို့က အရေးကြီးတယ်. . . (မှန်ပါ)။ ဒကာ-ဒကာမတွေ ဘာအရေးကြီးပါလိမ့်. . . (လက်တွေ့လုပ်ဖို့ အရေးကြီးပါတယ်)

www.dhammadownload.com



ဒီဟာလေးမှ တစ်ချက်အချုပ်မမြင်ရသေး ခင်ဗျားတို့ သေမည့်ဟာတောင်ထားတယ်. . . (မှန်ပါ)။ ဘာဖြစ်လို့ လည်း မသေခင်အောင့်ထား အပါယ်လေးပါး တံခါးက ပွင့်နေသေးတယ်. . . (မှန်ပါ)။ ဒါလေးနာနာလုပ်ပစ်ရ မယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ သားကြီးတာ သားလူလားမမြောက်တာ, သားမလိမ္မာတာ- ဟုတ်လား, သမီးအချိန်အရွယ်မရောက်တာ ဒီလောက်မထား နဲ့, ကိုယ့် အပါယ်တံခါးအရင်ပိတ်တော့. . . (မှန်ပါ)။ ကိုစောမောင် (ကိုယ့်အပါယ်တံခါးအရင်ပိတ်ရပါမယ်)။

## ဝေဒနာကပြောလိမ့်မယ်

ကိုယ့်နဂိုက ဒိဋ္ဌိမပြုတ်သေးတော့ အပါယ်ငရဲကြီးက ကိုယ့်အတွက် ကဲ-ဟင်းလင်းကြီး ပွင့်မနေဘူးလား. . . (ပွင့်နေပါတယ်)။ အဲဒါကို ဒီကနေသတိထား, ဝီရိယစိုက်, ပညာနဲ့ကြည့်လိုက်တဲ့အခါကျတော့ ခင်ဗျားတို့ ခန္ဓာသုံးပါး, ဝေဒနာသုံးပါးကနေပြီး, ကျုပ်တို့ဟာ ဝေဒနာလို့သာ ဆိုတာ ပါဗျာ၊ ခင်ဗျားတို့ စိုက်တာကြည့်ပါ, ကျုပ်တို့သဘောက ဖြစ်ပျက်ပါဘဲဆိုတာ ကြိုးကြိုးစားစား ပြောသွားတယ်. . . (မှန်ပါ)။ ဘယ်သူကပြောတုံး. . . (ဝေဒနာက ပြောပါ တယ်)။

www.dhammadownload.com



ဝေဒနာက ပြောသွားတာဆိုတော့. . . ဩော် ဝေဒနာက ပြောထားတာကိုယ်က ရှေ့တုန်းကတော့ သတိက မထား, ဝီရိယကမစိုက်, ပညာနဲ့မကြည့်လို့ ကိုစောမောင် ဖောက်ပြန်နေတာ. . . (မှန်ပါ)။ ခုတော့ သတိထား ဝီရိယ စိုက် ပညာနဲ့ကြည့်လိုက်တော့ ကိုစံလှ ဘယ့်နှယ်နေ တုန်း. . . (ဖြစ်ပျက်တွေ့ပါတယ်)။ မတွေ့ဘူးလား. . . (တွေ့ပါတယ်)။ တွေ့တာပါဘဲတဲ့။

(မှန်ပါ)။ အင်းသဘောက ပေါ်လာတုန်းဘဲ ကျုပ်တို့ က ကြည့်နေတုံးဘဲ သူ့သဘော သူရုပ်သိမ်းသွားတယ်. . . (မှန်ပါ)။ နိစ္စာဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘူး)။ ဩော်ဒီ နေရာမှာ သဘောအားဖြင့်ပေါ်လာပြီ. ဒီသဘောရုပ်သိမ်း သွားတာကိုးလို့, ဒီကသတိထား ဝီရိ က်, ပညာနဲ့ ကြည့် လိုက်တော့ သဘောပေါ်ပြီ သဘောသိမ်းသွားတာ. . . (မှန်ပါ)။ အဲ့ဒါ ဖြစ်ပျက်မြင်တာဘဲ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ သဘောပေါ်ပြီး သဘော သိမ်းသွားတာ. . . (ဖြစ်ပျက်မြင်တာပါ)။ ကိုစောမောင် ရိုပ်မိပြီလား. . . (ရိပ်မိပါဘုရား)။

သဘောပေါ်ပြီး သူ့သဘော သူရုပ်သိမ်းသွားတာကို (ဖြစ်ပျက်မြင်တာပါ)။ ဖြစ်ပျက်, ကျုပ်တို့က သတိထား, ဝီရိယ စိုက်တဲ့ပုဂ္ဂိုလ်က ဩော်ပေါ်လာတဲ့သဘောမျှဘဲ ပျောက်သွား

www.dhammadownload.com



တဲ့ အခါကျလို့ရှိရင် သူ့သဘောသူရုပ်သိမ်းသွားလို့ ဘာမှ ဒီနေရာ မရှိရစ်တာဘဲ. . . (မှန်ပါ)။ ဒီ အသားတည့်တည့် ကြည့်နေရစ်တာပေါ့ ဒီအပေါ်ပေါ်တယ်လို့မှ မရှိတာဘဲ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ အသားက တော့ ဘယ့်နှယ်ပါ. . . (ရှိပါတယ်)။ ရှိနေမှာ အသားတွေ အရိုးတွေကတော့ ရှိနေမှာ ကျုပ်တို့က အဲ့ဒါရှုတာမှ မဟုတ် ပဲကိုး. . . (မှန်ပါ)။ သဘောရှုတာကိုး. . . (မှန်ပါ)။ သဘောပါကျလား. . . (ပါပါတယ်)။

ဒါဖြင့် ဒကာ- ဒကာမတို့ အဘိဓမ္မာဆိုတဲ့ဉစ္စာသည် အထည်ရှိတာမဟုတ်ဘူး. . . (မှန်ပါ)။ မောင်နိုင် အထည် ရှိရဲ့လား. . . (မရှိပါဘူး) အထည်သာမရှိတာ သတ္တိကတော့ ထင်ရှားရှိတယ်. . . (မှန်ပါ)။

## ပေါ်လည်းပေါ်တယ်၊ ပျက်လည်းပျက်တယ်

ယားတယ်ဆိုရင် ဒုက္ခဝေဒနာပေါ်ပြီ၊ အယားမရှိ ဘူးဆိုရင် ဒုက္ခဝေဒနာ သူ့သဘော ရုပ်သိမ်းသွားတယ်. . . (မှန်ပါ)။ နာတယ်ဆိုရင် ဒုက္ခဝေဒနာပေါ်တယ်သာမှတ် သဘောကျလား. . . (ကျပါတယ်)။ အင်း မနာတော့ဘူး ဆိုတော့. . . (ရုပ်သိမ်းသွားပါတယ်)။ ဒုက္ခသဘောရုပ်သိမ်း သွားတယ်. . . (မှန်ပါ)။ နာပြီးပျက်တာဘဲ. . . (မှန်ပါ)။

www.dhammadownload.com



ရုပ်သိမ်းသွားတယ်ဆိုတည်းက ရှိသေးလား. . . (မရှိပါဘူး)။ မရှိတာ ဘာခေါ်ကြ. . . (ပျက်တာပါ)။ ပျက်တာဘဲဆိုတော့ ဒါဖြင့် ပေါ်လည်းပေါ်တယ်, ပျက်လည်းပျက်တယ်. . . (မှန်ပါ)။

တစ်ခါ ကောင်းတဲ့သဘောလေး လျှာပေါ်မှာများ ဒကာ-ဒကာမတွေက ကောင်းတဲ့သဘောလေးများ ပေါ်နေလိုက်တာဲဟင်. . . (မှန်ပါ)။ ပေါ်လာတာလည်း ကောင်းတာလေးဟာဟော့ မင်းတို့ ဝက်သားထဲက ကောင်းတာလား, ကြက်သားထဲက ကောင်းတာလား, လျှာပေါ်မှာ အကောင်းဆုံးလေးပေါ်တာလားလို့ မေးလို့ရှိရင် ဘယ့်နှယ့်ဖြေပ့ါ. . (လျှာပေါ်မှာ အကောင်းဆုံး ပေါ်တာပါ)။

အထည်လေးများ ရှိသလား. . . (မရှိပါဘူး)။ အင်း အထည်လေးများလည်း မရှိပါဘူး ဒကာဒကာမတို့, နောက်ပျောက်သွားတဲ့အခါကျလာလို့ ရှိရင်လည်း သချိုင်းလေးများ ကျန်ရစ်သေးလားလို့မေးရင်. . . (မကျန်ရစ်ပါဘူး)။ ဒါဖြင့် သဘောပေါ်ပြီးတော့ ကိုစောမောင် သဘောချုပ်တာ. . . (မှန်ပါ)။ ဘယ်လိုဆိုကြမလဲ. . . (သဘောပေါ်ပြီး သဘောချုပ်တာပါ။ အဲ့ သဘောပေါ်ပြီး သဘောချုပ်တာလို့ ယနေ့ ရှင်းရှင်းလင်းလင်းပြောတော့မှ-ဩော် ဖြစ်ပျက်ဆိုတာက အင်း သဘောပေါ်ပြီး သဘောပျောက်တာကို ဟောနေတာ

www.dhammadownload.com



ကိုး. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်)။ ဘယ်လိုပါလိမ့်. . . (သဘောပေါ်ပြီးသဘောပျောက်တာ ကို ဟောနေတာပါ)။

အဲ့ဒီဖြစ်ပျက်ကလေးတွေကို ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ မြင်လိုက်သည်နဲ့ တပြိုင်နက်တည်း ဒီဝေဒနာ သည်ကား သဘောချည်သုံးပါးစလုံး သဘောဘဲ, စိတ်ဆိုတာ လည်း သဘောတွေ. . . (မှန်ပါ)။ ရုပ်ဆိုတာလည်း သေသေ ချာချာ အထည်အတိအကျတော့ကို ဒါအစုကြီး ဖြစ်လာတာ ဒီ ပထဝီဓါတ်, အာပေါဓါတ်, တေဇောဓါတ်, ဝါယောဓါတ်ကို သာ ဟောမယ်ဆို မောင်နိုင် သဘောလေးဘဲ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

## သတ္တဝါမဟုတ်၊ အသက်မဟုတ်

အားလုံးတဲ့ နိဿတ္တ နိဇ္ဇီဝသဘာဝါ ချည်းဘုရားက ဟောလိုက်တယ်၊ (မှန်ပါ)။ ဒါ သေသေချာချာမှတ်ပါ ကိုစောမောင်. . . (မှန်ပါ)။ နိဿတ္တနိဇ္ဇီဝသဘာဝါ သဘောကလေးကွတဲ့, အထည်ကြီးများရှိတယ်လို့ အောက် မေ့မနေနဲ့၊ (မှန်လှပါ)။ သတ္တဝါမဟုတ် ဇီဝမဟုတ်, အသက် မဟုတ်တဲ့ သဘောကလေးချည်းရှိတာ ပရမတ်ဆိုတာ အကုန်မှတ်တဲ့. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ

www.dhammadownload.com



ဘုရား)။ နိဿတ္တနိဇ္ဇီဝသဘာဝါလို့ ဘုရားမဟောဘူးလား. . (ဟောပါတယ်)။ ရှင်းပြီလား ကိုစံရီ. . . (ရှင်းပါဘုရား)။ ဒါဖြင့် အထည်ပြောသလား, သဘောပြောသလား. . (သဘောပြောပါတယ်) ရှင်းပြီလား. . . (ရှင်းပါတယ်)။

မောင်နိုင်ဘာတဲ့တုံး ပါဠိတော်က. . . (နိဿတ္တနိဇ္ဇီဝသဘာဝါ)။ နိဿတ္တ နိဇ္ဇီဝသဘာဝါ နိဿတ္တ-သတ္တဝါလည်း မဟုတ်ဘူးကွတဲ့. . . (မှန်ပါ)။ အသက်ကော. . . (မဟုတ်ပါဘုရား)။ သဘာဝတဲ့, ဘာတဲ့တုံး. . . (သဘောပါဘဲ ဘုရား)။ သဘောဘဲပေါ့၊ ဒါဖြင့် ရုပ်ကြည့်မြင်တဲ့ ရုပ်ဖြစ်ပျက် ဆိုတာလည်း သဘောဖြစ်ပြီး သဘောပျက်တာ. . . (မှန်ပါ)။ ဝေဒနာကလည်း. . . (သဘောဖြစ်ပြီး သဘောပျက်တာပါ)။ သညာကကော. . . (သဘောဖြစ်ပြီး သဘောပျက်တာပါ)။ စိတ်ကလေးကရော. . . (သဘောဖြစ်ပြီး သဘောပျက်တာပါ)။

ဒကာ-ဒကာမတို့ ဝက်သက်ပေါက်သလိုတော့ အဖုလေးတော့ မလာဘူး စိတ်သာချ. . . (မှန်ပါ)။ သဘောကျလား. . (ကျပါတယ်)။ ဝက်သက် ပေါက်သလို အဖုကလေးတော့. . . (မလာပါဘူး)။ မလာဘူး ကိုစံလှရလာနိုင်ပါ့မလား. . . (မလာနိုင်ပါဘူး)။ နဂိုကမှ သဘောရှိတဲ့ဥစ္စာ ဝက်သက်လို အဖုပေါက်ရဦးမှာလား

www.dhammadownload.com



ကိုစောမောင်ရဲ့ . . (မပေါက်ပါဘူး)။ သဘောပါပြီလား . . (ပါပါတယ်)။ ကဲဒါဖြင့် ရှုတတ်ကြပြီလား . . (ရှုတတ်ပါပြီ)။ ဪ-ဒီနေရာမှာ ပေါ်တယ် ပေါ်တယ် အခုဘဲ မရှိဘူး၊ မဆို နိုင်ဘူးလား . . (ဆိုနိုင်ပါတယ်)။

ဒါနဲ့ ဒကာ-ဒကာမတို့ ကောင်းကင်မှာ ခင်ဗျားတို့ အခုလို မိုးဦးကျတဲ့အခါမှာ ပူတဲ့နေကျတော့ လျှပ်စီးကလေး တွေက မလင်းဘူးလား . . (လင်းပါတယ်)။ နဂိုကရှိတာ လား အခုမှ ဒီနေရာ ဆတ်ခနဲ ပေါ်တာလား . . (အခုမှ ဆက်ခနဲပေါ်တာပါ)။ အင်း-ပျောက်သွားတော့လည်း ဒကာ-ဒကာမတို့ ဒီအလင်းလေးဟာ ဒီနေရာဘဲ မပျောက်ဘူးလား . . . (ပျောက်ပါတယ်)။ နဂိုက ပေါ်လာတုံးကလည်း အထည်မရှိလို့ သဘောဘဲ . . (မှန်ပါ)။ နောက်-ပျောက် သွားတော့လည်း အဆင်းလေးရှာမတွေ့လို့ ကိုစောမောင် . . (သဘောပါဘဲ)။ အလောင်းရှာတွေ့သေးလား၊ (မတွေ့ ပါဘူး)။ အဲ့ဒီတော့ ဘယ့်နှယ်ဆိုပ့ါ . . (သဘောပါ)။ သဘောဘဲဆိုတာ ဒကာ-ဒကာမတွေ ကျေနပ်ပြီလား (ကျေနပ်ပါတယ်)။

## အမြင်မှန်ဆိုတာ

အဲ့ဒီသဘောလေးဖြစ်ပြီး, သဘောလေးပျက်တာကို

www.dhammadownload.com



မြင်ရင် ဘုန်းကြီးတို့က နိဿတ္တနိဇ္ဇီဝသဘာဝကို မြင်တယ်လို့ ဆိုပြီး ဒကာဒကာမတို့ ဒါ အမြင်မှန်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။ ဒါဖြင့် အားလုံး ဒကာဒကာမတွေ အမြင်မှန်လာရင် အမြင်မှားပြေးရမယ်. . . (မှန်ပါ)။ အမြင်မှန်က သမ္မာဒိဋ္ဌိ . . . (မှန်ပါ). . . သဘောကျလား. . . (ကျပါတယ်)။ အမြင်မှားက. . . (မိစ္ဆာဒိဋ္ဌိပါ)။ မိစ္ဆာဒိဋ္ဌိအဲမိစ္ဆာဒိဋ္ဌိ မပြုတ်သေးဘူးလား. . . (ပြုတ်ပါတယ်)။ ပြုတ်ရင် အပါယ်တံခါး ဘယ်နှယ်တုန်း. . . (ပိတ်သွားပါတယ်)။

ကိုင်းဒါဖြင့် ဩော်ဒါဖြင့် အပါယ်တံခါးဖွင့်တာက လည်း မိစ္ဆာဒိဋ္ဌိအမြင်မှန်မရတဲ့ပုဂ္ဂိုလ်၏ သွားရာလမ်းခရီး. . (မှန်ပါ)။ အမြင်မှားရ, အမြင်မှားရှတဲ့ ပုဂ္ဂိုလ်၏ သွားရာ လမ်းခရီး. . (မှန်ပါ)။ အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်၏ သွားရာလမ်း ခရီးက အပါယ်လေးပါးလွတ်တယ်. . . (မှန်ပါ)။ နိဗ္ဗာန် ရောက်မယ်၊ (မှန်ပါ)။ အမြင်မှန် မရတဲ့ ပုဂ္ဂိုလ်၏ သွားရာ လမ်းခရီးက အပါယ်လေးပါး. . (အပါယ်လေးပါး)။ သဘော ကျလား. . . (ကျပါတယ်)။ ဒိဋ္ဌိအပေါ်မှာ မမှီဘူးလား. . (မှီပါတယ်)။

## သမ္မာဒိဋ္ဌိနှင့်လဲပေးနေတာ

ဒါဖြင့် ခင်ဗျားတို့ တရားတွေ ဘယ်လိုဘဲ ဘုန်းကြီး

www.dhammadownload.com



ရက်ပေါင်းများစွာဟောဟော, သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိလဲပေးနေတာ တစ်လုံးတည်း မှတ်ထားလိုက်. . . (မှန်ပါ)။ ကိုစံလှ မှတ်မိလား. . . (မှတ်မိပါတယ်ဘုရား)။ ဘုန်းကြီးနေ့တိုင်း ဟောနေတာဘာများ ဟောနေပါလိမ့်. . . (သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိလဲပေးနေတာပါ)။ ခင်ဗျားတို့ သန္တာန်ရှိတဲ့ မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိနဲ့ လဲပေးနေတာ၊ (လဲတာပါ)။ ဒါတစ်နေ့ဟောလည်း ဒါလဲပေးတာဘဲ မဟုတ်လား. . . (မှန်ပါ)။ နောက်တစ်နေ့ ဟောပြန်ရင်ကော. . . (ဒါလဲပေးတာပါဘဲ)။ ပုံစံသာ ပြောင်းလိမ့်မယ်တဲ့ အစစ်ကတော့ ကိုစောမောင်ဒါဘဲ. . . (မှန်ပါ)။ ရှင်းပြီလား (ရှင်းပါတယ်)။

ကဲ-ဒါဖြင့် ဘုန်းကြီးကတော့ အင်း ထားပါတော့ ဒီပုဂ္ဂိုလ်က သာမညပုဂ္ဂိုလ်မို့ထားပါတော့ နောက်အရင်ဘုရားကလည်း ဘာလုပ်သွားသတုံးမေးဦး. . . (မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိ လဲပေးသွားပါတယ်) လဲပေးသွားတာဘဲ၊ နောင်ပွင့်မည့် ဘုရားတွေကကော. . (မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိလဲဦးမှာပါ) ကိုစောမောင် ဒါဘဲရှိတယ်. . . (မှန်ပါ)။ တရားကို ချုပ်လိုက်တဲ့အခါကျတော့လေ. . . (မှန်ပါ) အားလုံးချုံးပြီး ကြည့်လိုက်တဲ့အခါကျတော့ ဘယ်ဘုရားပွင့်လည်း ဒါလုပ်ဖို့လာတာဘဲ. . . (မှန်ပါ)။ နောက်ဘုရား ဂင်္ဂါဝါဠုသဲစုမက ဘုရားတွေက ဘာလုပ်မလို့ လာကြပြန်ပါလိမ့်. . . (မိစ္ဆာဒိဋ္ဌိနဲ့

www.dhammadownload.com



သမ္မာဒိဋ္ဌိလဲဖို့ပါ)။ ဒါဘဲကိုစောမောင်ရဲ့ ဒီ့ပြင့်ဘာမှ လျှာရှည်မနေနဲ့တော့. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။

ဘုန်းကြီး ရက်ပေါင်းများစွာ အခုအင်း-ဟောနေတယ်, အဲနေ့တိုင်းဘာများ ဟောပါလိမ့်မတုံး မေးလို့ရှိရင် မောင်နိုင်ဒါဘဲ. . . (မှန်ပါ)။ အင်း-မိစ္ဆာဒိဋ္ဌိဖြစ်နေရာမှ သမ္မာဒိဋ္ဌိလဲပေးလိုက်တာဘဲ. . . (မှန်ပါ)။ ဖြစ်ပျက်မမြင်ရာမှ ဖြစ်ပျက်မြင်အောင်လုပ်ပေး နေ့တာပဲ. . . (မှန်ပါ)။ ရှင်းကျလား. . (ရှင်းပါတယ်)။ ဒါဖြင့် ဖြစ်ပျက်မမြင်ရင် မိစ္ဆာဒိဋ္ဌိ. . . (မှန်ပါ) ရှင်းပြီလား. . . (ရှင်းပါတယ်)။ ဖြစ်ပျက်မမြင်ရင်. . . (မိစ္ဆာဒိဋ္ဌိပါ) ဖြစ်ပျက်မြင်ရင် (သမ္မာဒိဋ္ဌိပါ)။

အင်း-မိစ္ဆာဒိဋ္ဌိ ဖြစ်ခဲ့သော်၊အပါယ်တံခါးပွင့်တယ်. . (မှန်ပါ)။ သမ္မာဒိဋ္ဌိဖြစ်ခဲ့သော်. . . (အပါယ်တံခါးပိတ်ပါတယ်)။ အဲ့ဒါကြောင့် တစ်ချို့စာတွေမှာ ရေးကြတယ်၊ သြော် ဘုရားဒကာ ကျောင်းဒကာ, ဘုရားအမ၊ ကျောင်းအမတွေက ကိုယ့်ကိုယ်ကို မိစ္ဆာဒိဋ္ဌိဖြစ်မှန် မသိတာတွေ တစ်ပုံကြီး ရှိတယ်။ (မှန်ပါ)။ မောင်နိုင်. . . (မှန်ပါ) မရှိပေဘူးလား. . . (ရှိပါတယ်)။

www.dhammadownload.com



## ငါလှူလို့ငါရတယ်ဆိုရင် ဒိဋ္ဌိ

အို-ငါလှူလို့ ငါရတယ်ဆို ဒါဒိဋ္ဌိဖြစ်တယ်. . . (မှန်ပါ)။ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။ စေတနာငါစွဲပေါ့. . . (မှန်ပါ)။ "သဒ္ဒါရာ အတ္တတော သမနုပဿတိ" သဒ္ဒါရာ စေတနာဆိုတဲ့ သဒ္ဒါရကို၊ (ဝါ) နာမ်ဓမ္မကလေးကို။ အတ္တတော ငါဟူ၍၊ သမနုပဿတိ- ရှု၏ဆိုတော့ ကိုစောမောင် ဒိဋ္ဌိထဲ မသွားပေးဘူးလား၊ (သွားပါတယ်)။ ကဲ ဒါရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။

အဲ့ဒါခင်ဗျားတို့ ကျောင်းဒကာကျောင်းအမ, ဘုရားဒကာ, ဘုရားအမသာသနာတော် ကြည်ညိုတဲ့ ဒကာဒကာမတွေ ဖြစ်လျက်သားနဲ့ ကိုယ့်ထဲ မိစ္ဆာဒိဋ္ဌိဖြစ်နေတာ ကျောင်းဒကာလည်းဆိုရဲ့ မိစ္ဆာဒိဋ္ဌိလည်းဖြစ်. . . (မှန်ပါ)။

## ကျောင်းအမကြီး မိစ္ဆာဒိဋ္ဌိဖြစ်နေတယ်

ကျောင်းအမလည်းဆိုရဲ့ မိစ္ဆာဒိဋ္ဌိဖြစ်နေတယ်. . . (မှန်ပါ)။ ကောင်းသေးရဲ့လား. . . (မကောင်းပါဘူး)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။

အဲ့ဒါကြောင့် ဒကာ-ဒကာမတို့ အင်မတန် ရှက်စရာကောင်းလွန်းလို့ ဒီဥစ္စာဖိပြောနေတယ်. . . (မှန်ပါ)။ ရှက်စရာမောင်နိုင်မကောင်းဘူးလား၊ (ကောင်းပါတယ်)။

www.dhammadownload.com



သူ့ကြည့်လိုက်တော့ကော ပစ္စည်းလေးပါးဒကာတဲ့၊ သူ့ကြည့် ရင်းနဲ့ ပစ္စည်းလေးပါး ဒကာဆိုတော့ ဩော် သာသနာတော် အတော်ကြည်ညိုတဲ့ ပုဂ္ဂိုလ်ဘဲလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။ အင်း-ဝမ်းထဲဖြစ်ပျက်မမြင်တော့ သူက ဘာဖြစ်နေလည်း. . . (မိစ္ဆာဒိဋ္ဌိဖြစ်နေပါတယ်)။ ဩော် သာသနာကြည်ညိုတဲ့ မိစ္ဆာဒိဋ္ဌိထဲပါသွားတယ်. . . (မှန်ပါ)။ ကိုစောမောင် ဘယ့်နှယ်ပါလဲ. . . (ပါပါတယ်)။ မပါသေး ဘူးလား. . . (ပါပါတယ်)။ ဒိဋ္ဌိပြုတ်သလား၊ (မပြုတ်ပါဘူး)။

## ဖြစ်ပျက်မြင်မှ သမ္မာဒိဋ္ဌိ

အခုဒီပထမကို မပြုတ်တာ. . . (မှန်ပါ)။ ပထမကို မပြုတ်တာဖြစ်နေတော့ ဩော် သာသနာကြည်ညိုတဲ့ မိစ္ဆာဒိဋ္ဌိ ထဲမှာ ကိုစောမောင်ထည့်ရတော့တယ်၊ (မှန်ပါ)။ မဆိုနိုင်ဘူး လား. . . (ဆိုနိုင်ပါတယ်)။ ရှင်းပြီနော်. . . (ရှင်းပါတယ်)။

ကိုင်း-ဒါဖြင့် ဘုရား၏ အယူဝါဒဟာ အခုမှဘဲ ဒီနေ့ လေးလေးစားစားပေါ်တယ်. . . (မှန်ပါ)။ ဘုရားက သမ္မာဒိဋ္ဌိစဖြစ်တာကို ဘယ်နေရာမှာ စ,ဟောပါလိမ့် မတုန်းလို့ဆိုတော့ ဖြစ်ပျက်ကိုစပြီးသကာလ မြင်တဲ့ပုဂ္ဂိုလ် ဟာဖြင့် သမ္မာဒိဋ္ဌိထဲရောက်ပြီကွာလို့ ဘုရားက ဆုံးဖြတ်ချက်

www.dhammadownload.com



ချပေးတယ်. . . (မှန်ပါ)။ ကိုစောမောင်ပေါ်ပြီလား. . . (ပေါ်ပါတယ်)။

ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်မှ ဘယ်ထဲရောက်သလဲ. . . (သမ္မာဒိဋ္ဌိထဲရောက်ပါတယ်)။ အင်းမမြင်သေးတဲ့ပုဂ္ဂိုလ်တွေကို. . . (မိစ္ဆာဒိဋ္ဌိတွေပါ)။ ဘာလိုလိုဘာကြားနေနေ မိစ္ဆာဒိဋ္ဌိကဖြစ်လျက်ပဲ. . . (မှန်ပါ)။ မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့အရေးကကြီးကြီးလာတာလည်း သေသေချာချာခွင်းချက်မရှိပြောတော့ မောင်နိုင်ကျေကျေနပ်နပ်သဘောကျပြီလား. . . (ကျပါတယ်)။ နို့မို့လို့ရှိရင်ဖြင့် ဒီဒိဋ္ဌိမပြုတ်သေးလို့ကို, ဒီဖြစ်ပျက်မမြင်သေးလို့ရှိရင်ဖြင့် ငါဘဲ စေတနာလည်းငါဘဲ ဝေဒနာကော. . . (ငါပါ) တစ်ခါတလေများ, ငါခက်လိုက်တာ ငါနဲ့ငါနဲ့ကိုဘဲ ဘယ်လိုမှ ခွဲလို့မရပါဘူး. . . (မှန်ပါ)။ ငါ့ဟာငါ အနာချည်းတွေ့နေ တာတဲဆိုတော့ တစ်ခါတည်း ဝေဒနာငါလုပ်ထားလိုက်တယ်. . . (မှန်ပါ)။

ကိုစော်မောင် ဘာဒိဋ္ဌိအတွင်းဝင်လည်း. . . (မိစ္ဆာဒိဋ္ဌိ အတွင်းဝင်ပါတယ်ဘုရား)။ မိစ္ဆာဒိဋ္ဌိပေါ့ဗျာ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ အပြောငါမဟုတ်ဘူးနော် (မှန်ပါ)။ အထင်ငါကိုဆိုတာ ပြောတော့ ပြောတော့

www.dhammadownload.com



ပြော. . (မှန်ပါ)။ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အယူအဆ သွားမေးတာဘဲ သူ ဒေဝဒတ်က ကျောက်မောင်း ဆင်ပြီး ချတာ ခြေဖျားမှာ သွေးစိမ်းတည်နေတဲ့အခါမှာ, အရှင်ဘုရား မနေ့ညက ဝေဒနာ တော်တော်ခံစားရလိမ့်မယ် လို့ တပည့်တော်ကလည်း မြို့တံခါးပိတ်ထားလို့ တပည့်တော် ပတ်တီးကို လာမဖြေနိုင်ဘူး၊ ဒီအတွက်, အရှင်ဘုရား မနေ့ညကတော့ အင်မတန် ဒုက္ခရောက်သွားလိမ့်မယ်လို့။

ငါ ဒုက္ခမရောက်ပါဘူးကွယ် ဘုရားပြောတာ. . . (မှန်ပါ)။ သဘောကျလား. . (ကျပါတယ်)။ ဒုက္ခမရောက် ပါဘူးတဲ့. . .

## သာသနာတွင်းအစဖြစ်ပျက်မြင်ရာက

ကိုင်းဒါဖြင့် ဒကာ-ဒကာမတို့ သာသနာတွင်းအစ ဖြစ်ပျက်မြင်ရာကသာ မှတ်ပေတော့. . . (မှန်ပါ)။ သာသနာ တွင်းအစ. . . (ဖြစ်ပျက်မြင်ရာကပါ)။ နို့မို့ရင် ပါကိုမပါသေး ဘူး. . (မှန်ပါ)။ သဘောကျပြီလား. . (ကျပါတယ်)။ သာသနာတွင်းအစ. . (ဖြစ်ပျက်မြင်ရာကပါ)။ အဲ့ဒါကြောင့် ဒကာ-ဒကာမတွေ လုပ်ပါ လုပ်ပါလို့ဆိုတာ ကိုစောမောင် တိုက်တွန်းနေဖို့ မလိုတော့ဘူး. . . (မှန်ပါ)။ လိုသေးရဲ့လား (မလိုပါဘူး)။

www.dhammadownload.com



ကဲအခုဘုရားက ငါ့အယူက ဒါဘဲကွတဲ့ ဤတရားသည် ဤဝေဒနာသည် ဖြစ်တယ်ပျက်တယ်ဒါသိလို့ရှိရင် ဒါငါ့အယူဘဲတဲ့. . . (မှန်ပါ) ပုဏ္ဏားကို ဝစ္ဆပုဏ္ဏားကို ဟောနေတယ်နော်. . . (မှန်ပါ)။ ဒါဖြင့် ပုဏ္ဏားကမေးလိုက်တယ်ကဲ ဒီလိုတော့ မြင်ပြီဘုရားတဲ့ မြင်တော့ ဘာကျေးဇူးပြုတုန်း။

## မြင်တော့ဘာကျေးဇူးရှိသတုံး

အားလုံးသောပုဂ္ဂိုလ်တို့ကို ဒီဖြစ်ပျက်မြင်တယ်ဘဲထားပါတော့တဲ့ မြင်တဲ့ပုဂ္ဂိုလ် ဘာကျေးဇူးရှိသတုံးလို့မေးတာဘဲ, သဘောကျလား. . . (ကျပါတယ်)။

ဟောဒီ တဏှာကုန်တယ်, ဥပါဒါန်ကုန်တယ်, ကံကုန်တယ်ကွတဲ့, ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။ ပ-ပစ္စတရားဆိုကြပါစို့ ဘယ့်နှယ့်တုံး၊ (ကုန်ပါတယ်)။ ဒကာ-ဒကာမတို့ ကိုစောမောင် ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။ ဒါဖြင့် ပ-ပစ္စတရားဆိုတာ တဏှာ- ဥပါဒါန်, ကံကိုဘဲဆိုကြစို့. . . (မှန်ပါ)။ နော်. . . (မှန်ပါ)။ သူသည်ဒီအတိုင်းထားရင် အပါယ်သွားမယ်. . . (မှန်ပါ) မောင်နိုင် ဒီအတိုင်းထားရင်. . . (အပါယ်သွားမှာပါ)။ ဒီဟာသာမဝင်နဲ့, သတိထား, ဝီရိယလည်းစိုက်, ပညာနဲ့သာမရှုနဲ့ ကိုစောမောင်တို့ကိုစံလှတို့ ဒီတရားဟာ ထုံးစံအတိုင်း လာ,မလာ. . .

www.dhammadownload.com



(လာပါတယ်) ဘုရားမပွင့်လည်း သူလာမှာဘဲ မဟုတ်လား. . . (မှန်ပါ)။ ဒီနေရာ ဘုရားပွင့်ပေးရမယ်. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။

အဲ့ဒီတော့ သူလည်း သတိထား, ဝီရိယစိုက်, ပညာနဲ့လည်း ရှုလိုက်ပါရောဒီကပင်ကိုသဘောကပြလျက် သူက သတိထား ဝီရိယစိုက်တော့ သူက အမှန်မြင်မရောက်သေးဘူးလား. . . (ရောက်ပါတယ်)။ ရောက်လို့ရှိရင်တဲ့ ပုဏ္ဏားတဲ့ ဟောဒါတွေ သေတယ်လို့ မပြောဘူးလား. . . (ပြောပါတယ်)။ ရှင်းကြပြီလား. . . (ရှင်းပါတယ်)။

ဒကာ-ဒကာမတို့ တဏှာမာန, ဒိဋ္ဌိဘယ့်နှယ်လည်း (သေပါတယ်)။ ဒီခန္ဓာ-ဒီခန္ဓာငါးပါးက ဒိဋ္ဌိဖြစ်မှ အပါယ်သွားမှာဘဲ. . . (မှန်ပါ)။ ဒီ့ပြင်တရားက ပို့တာရှိသေးလား (မရှိပါဘူး)။ ဒီဒိဋ္ဌိက ပို့နေတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်)။ ဒါပြောသာပြောနေတာ မောင်နိုင်ရဲ့ ဒီထဲမှာ ခေါင်းဆောင်က ဒိဋ္ဌိလေ. . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ တဏှာ, မာန, ဒိဋ္ဌိဖြုတ်လို့ ပုဂ္ဂိုလ်ဘယ်သွားတယ်ဆိုတာ ပညာရှိမှ သိနိုင်တယ်ကွ. . . (မှန်ပါ)။ ပဋိစ္စသမုပ္ပါဒ်နားလည်မှ ဘာတုံး. . . (သိမှာပါ) ကျန်တဲ့ ပုဂ္ဂိုလ်ကိုဖြင့် ကျန်တဲ့သာမည ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ကြံနေတဲ့ ပုဂ္ဂိုလ်အနေနဲ့တော့ ဝေးပါသေးရဲ့ကွာတဲ့၊ ဒီနေရာမရောက်ပါဘူးတဲ့ဘုရားက. . . (မှန်ပါ)။

www.dhammadownload.com



## ဘုရားအယူကဘာပါလိမ့်

ရှင်းပြီလား. . . (ရှင်းပါတယ်)။ ကိုမြင့် ဘယ်လောက်အရေးကြီးလည်း. . . (ကြီးပါတယ်)။ ဒါဖြင့် ဒကာဒကာမတွေ အားဒါအခု ရှင်းပြလိုက်ပါတယ်, ဒီကနေ ဘုရားအယူအတိုင်း ယူလိုက်စမ်း မောင်နိုင် ဒီကဖြစ်ပျက်, 'ဒီကအင်း. . တဏှာ, မာန, ဒိဋ္ဌိ, သတိထား, ဝီရိယစိုက်, ပညာနဲ့ကြည့်လိုက်တော့ မဂ်ဖြစ်မသွားဘူးလား. . . (ဖြစ်သွားပါတယ်)။ အင်း-ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်တဲ့ အလုပ်ဟာကဘုရားအယူဝါဒ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါတယ်)။ ဖြစ်ပျက်နဲ့မဂ်နဲ့ကိုက်တဲ့အလုပ်ဟာ. . . (ဘုရားအယူဝါဒပါ)။

အင်း-ဒီအယူဝါဒယူလို့ရှိရင် ပုဏ္ဏားက ဘာဖြစ်သတုံးလို့မေးတော့ ဘုရားက ဘယ့်နှယ်ဖြေတုံး. . . (တဏှာ-မာန-ဒိဋ္ဌိချုပ်ပါတယ်)။ ဟောဒီဘက်က တဏှာ-မာန-ဒိဋ္ဌိပြုတ်-သူချုပ်ပါတယ်. . . (မှန်ပါ)။ မချုပ်ဘူးလား (ချုပ်ပါတယ်)။ ဒါဖြင့် ချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သွားတုံး သူ့ကမေးတာ. . . (မှန်ပါ)။ ကိုစံလှရေဘယ့်နှယ်မေးတုံး. . . (ချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သွားတုံး မေးပါတယ်)။ ဒီတဏှာမာနဒိဋ္ဌိချုပ်တဲ့ ပုဂ္ဂိုလ်ဘယ်သွားတုံးဆို သူကတားနေတာမောင်နိုင်ရ. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်)။

www.dhammadownload.com



## ဖြစ်ပျက်ကိုမြင်တဲ့အယူ

ဘုရားအယူက ဖြစ်ပျက်ကိုမြင်တဲ့အယူဟာ. . . (ဘုရားအယူပါ)။ ဒီအယူယူရင် ဘာကျေးဇူးရှိသတုံး မေးပြန်တယ်. . . (တဏှာမာန, ဒိဋ္ဌိချုပ်ပါတယ်)။ ဒါဖြင့် ဒီအယူကို ပထမဘယ်အယူတုံး မေးတော့ ဒီအယူလို့ ဘုရားက ဖြေတယ်. . (မှန်ပါ)။ ဒီအယူယူရင် ဘာကျေးဇူးရှိတုံး ဆိုတော့ တဏှာ-မာန-ဒိဋ္ဌိချုပ်တယ်. . . (မှန်ပါ)။ တဏှာ မာန-ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သွားတုံး ဝစ္ဆကမေးပြန်တယ်. . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

တဏှာ-မာန-ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ်. . . (ဘယ်သွားတုံး)။ ဘယ်သွားတုံးဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကွာတဲ့ ဒီဥစ္စာ ပဋိစ္စသမုပ္ပါဒ်နားလည်ရမယ်ကွ, ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ဆရာဆီ ကပ်ရမယ်ကွ, မင်းတို့ ကြံလုံး-မင်းတို့သိလုံးနဲ့ဖြင့် တဏှာ မာန-ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားမှန်းကို မင်းတို့မသိဘူး. . . (မှန်ပါ)။ ရိပ်မိပြီလား (ရိပ်မိပါဘုရား)။ တဏှာ-မာနဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားမှန်းကို မင်းတို့ သာမညဉာဏ်နဲ့ စွမ်းအားနဲ့ သာမညသိဆိုရင် ဒီဥစ္စာဟာ ဘယ်သွားတယ်လို့ကို မသိပါဘူးကွာ. . . (မှန်ပါ) ရှင်းပြီလား. . . (ရှင်းပါတယ်)။

www.dhammadownload.com



ဒါဖြင့် ဒကာ-ဒကာမတို့ ဒီဘက်မှာက ဒါ-ဒုက္ခသစ္စာ (မှန်ပါ)။ ဒါမဂ္ဂသစ္စာ. . . (မှန်ပါ)။ ဒါသမုဒယသစ္စာ. . . (မှန်ပါ)။ နိရောဓသစ္စာကို သူမေးတာ. . . (မှန်ပါ)။ ဘာမေးတာတုံး. . . (နိရောဓသစ္စာကို မေးတာပါ)။ နိဗ္ဗာန် မေးနေတာဗျ. . . (မှန်ပါ)။ ရှင်းကြပြီလား. . . (ရှင်းပါတယ်)။ ဘာမေးပါလိမ့် (နိဗ္ဗာန်မေးတာပါ)။ အင်း နိဗ္ဗာန်မေးတော့ကို ကွာတဲ့ မင်းအသာထားပါဦးတဲ့, မင်း ပဋိစ္စ သမုပ္ပါဒ်လည်း နားမလည်, ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ဆရာဆီ မင်းကလည်းမကပ်တော့ မင်းမေးတာတွေက ဒိဋ္ဌိတွေဘဲ, အဲ့ဒါကြောင့် မင်းကိုတော့ ငါဥပမာလေးပြမယ်, မင်း နားထောင်ကြည့်. . . (မှန်ပါ)။ ဘုရားက ဥပမာပြတယ်၊ (မှန်ပါ)။

ဘုရား ဥပမာပေးတာကို ဒကာ-ဒကာမတို့ လေးစားစွာ နားထောင်ရလိမ့်မယ်. . . (မှန်ပါ)။

ကဲ ဝစ္ဆပုဏ္ဏား, အဂ္ဂိဝစ္ဆပုဏ္ဏား မင်းကွာတဲ့ ဟောဟို အရှေ့ဘက်မှာ မီးတွေတောက်နေတယ်တဲ့, ကြည့်စမ်းတဲ့. . (မှန်ပါ)။ ဥပမာ ငါပြောပ့ါမယ်, ဟုတ်တယ်ဘုရား အရှေ့ ဘက်မီးတွေ တောက်နေတယ်လို့, တပည့်တော် မီးတောက် နေတာမရှိပေမဲ့ တပည့်တော် မီးတောက်နေတယ်ဘဲ ပြော ရမှာဘဲ, ကောင်းပြီး ကွာတဲ့ မီးတောက်နေတာ မင်းမြင်ပြီ မဟုတ်လား, မြင်ပြီ, ဥပမာပေ့ါ မောင်နိုင်၊ (မှန်ပါ)။

www.dhammadownload.com



## လောင်စာရှိလို့မီးတောက်နေတာ

အဲဒီမီးပြောစမ်းပါဦးကွ ဒီမီးသည်ကားလို့ဆိုလို့ရှိရင် ဖြင့် ဘာကြောင့်တောက်နေတာတုံးလို့ မင်းငါဒါကို ဆင့်မေးရင် မင်းဘယ့်နှယ်ဖြေမတုံး. . . (မှန်ပါ)။ ဒီဥစ္စာ ဒကာ-ဒကာမတွေဘဲ စဉ်းစားကြည့်ပါလား. . . (လောင်စာရှိလို့ပါ) အင်း လောင်စာရှိလို့တောက်နေတာ. . . (မှန်ပါ)။ ဘယ်လို ဖြေကြမလဲ. . . (လောင်စာရှိလို့ တောက်နေတာပါ)။ လောင်စာမရှိရင်. . . (မတောက်ပါဘူး)။ မတောက်ပါဘူး တဲ့၊ ကောင်းပြီကွာတဲ့ ဒါ့ကြောင့် မီးတောက်နေတာသည် အင်း-ထင်းသော်လည်းကောင်း၊ မြက်သော်လည်းကောင်း။ နွားချေး(ချီး) သော်လည်းကောင်း လောင်စာရှိလို့ ကိုစောမောင် တောက်တာ၊ (မှန်ပါ)။ ဒီဘက်က ဒကာ-ဒကာမတွေ ဘယ့်နှယ်ကြောင့် တောက်ပါလိမ့် (လောင်စာရှိလို့တောက်တာပါ)။ လောင်စာရှိလို့ တောက်နေတယ် ဆိုတာ မသေချာဘူးလား. . (သေချာပါတယ်)။

ကိုင်း-ဒကာဒကာမတွေ မှတ်ပါတဲ့ ခင်ဗျားတို့မှာ ဒီခန္ဓာကြီး ရှိနေတယ် ဒီဟာကြီးရှိနေတော့ ခန္ဓာပူအတွက်က တစ်နေ့မှ မအေးရဘူး. . . (မှန်ပါ)။ မနက်စာကျွေးဖို့လည်း ပူနေရတယ်, ညစာကျွေးဖို့လည်း (ပူရပါတယ်ဘုရား)။ အင်း လောင်စာကြီးက ရှိနေတော့ အတွင်းက အပူမီးကလည်း

www.dhammadownload.com


ဒကာ ဒကာမတို့ လောင်နေတာဘဲ. . . (မှန်ပါ)။ စားဖို့ပူ၊ ဝတ်ဖို့ပူ၊ သားဖို့ပူ၊ သမီးဖို့ပူ၊ မပူပေဘူးလား. . . (ပူပါတယ်)။

အင်း-ဒီအပူက ဘယ်လောင်ပါလိမ့်မတုံး. . . (ခန္ဓာလောင်တာပါ)။ အင်း ကျဉ်းတယ်, ခန္ဓာကကျဉ်းတယ် (မှန်ပါ)။ ဟို ဆတ်ကနဲ ဆတ်ခနဲ ပေါ်လာတာကမီး၊ (မှန်ပါ) သားပူ၊ သမီးပူ၊ ဆွေပူ၊ မျိုးပူကလေ. . (မှန်ပါ)။ လောဘ-ဒေါသ-မောဟတွေက ဘာနဲ့တူပါလိမ့်. . . (မီးနဲ့ တူပါတယ်) အင်း တဏှာ-မာန-ဒိဋ္ဌိတွေက ဘာနဲ့ တူပါလိမ့်. . . (မီးနဲ့တူပါတယ်)။ မီးနဲ့တူတယ်ဆိုတာ သဘောကျပြီလား . . . (ကျပါတယ်)။

ဩော် ကျုပ်တို့နေရတာကဖြင့် ကိုစောမောင် အန္တရာယ်ကင်းလို့ ဘေးမကင်းဘူး. . . (မှန်ပါ)။ အန္တရာယ် ကင်း, ဘေးကင်းပါပါရဲ့လား. . . (မပါပါဘူး)။ ဝမ်းထဲမှာ ဆတ်ခနဲဆတ်ခနဲ စိုးရိမ်ကြောင့်ကြဗျာပါရတွေ လိုမလား ဆိုတဲ့ ရှေ့ရေး, နောက်ရေးတွေ. . . (မှန်ပါ)။ ဒါတွေက မီးတွေပါ. . . (မှန်ပါ)။ ဒီမီးတွေကလည်း အောင်မယ်လေး တစ်ခါတလေများ ထွက်ပြီးများ လောင်လိုက်တာ. . . ရုပ်ကိုညှိုးများထွက်သွားတယ်. . . (မှန်ပါ)။ ဟ-ဘာဖြစ် လာတုံးမေးဖို့တောင် မလိုဘူး. . (မှန်ပါ)။ လိုသေးလား (မလိုပါဘူး)။ ကိုစံလှ-လိုသေးလား (မလိုပါဘူး)။ ခင်ဗျားတို့

www.dhammadownload.com



လူကဲခတ်ကောင်းတွေဘဲဗျာ, ဘာဖြစ်လာတုန်းတောင် မေးဖို့မလိုဘူး, ခင်ဗျားတို့ ဝမ်းထဲမှာသိနေတယ်. . . (မှန်ပါ)။ ဘယ်သူဟာဟေ သားနဲ့အလိုမကျတာလား ခင်ပွန်းနဲ့ အလိုမကျတာလား အသေအချာမီးတော့ လောင်ပြီကွာ, သေချာတယ်. . . (မှန်ပါ)။

ကိုစောမောင် ဒီလိုတော့ ဆုံးဖြတ်ချက်မချနိုင်ဘူး လား. . . (ချနိုင်ပါတယ်)။ ဘယ်သူနဲ့သာ ဝေဖန်လို့ မပြော နိုင်သည်ရှိရမယ် ဒါမီးလောင်တဲ့ရုပ်ကွဆိုတာတော့ လူတိုင်း သိတယ်. . . (မှန်ပါ)။ ဒကာ-ဒကာမတို့ မသိကျဘူးလား. . (သိပါတယ်)။

## ဒေါသမီးလောင်နေတာ

တစ်နည်းအားဖြင့်လည်း အင်းဖျားနာနေတယ် ဆိုတာလဲ ဖျားနာနေတာက ဒီလောက်ကိစ္စရှိတာ မဟုတ်ဘူး မောင်နိုင်ရ. . . (မှန်ပါ)။ ဒီအဖျားနဲ့ သေများသေလေ မလား, ပျောက် ချင်တဲ့ ဖြစ်မှုဖြစ်ရလေခြင်းဆိုတဲ့ ဒေါသမီးက လောင်နေတာ (မှန်ပါ)။ ဖျားတာက ဒီလောက်ကိစ္စရှိတာ မဟုတ်ဘူး၊ (မှန်ပါ)။ ဖျားတာက သူ့နေရာနဲ့သူနေတာ ဘဲ. . . (မှန်ပါ)။ သဘောကျလား၊ (ကျပါတယ်)။

www.dhammadownload.com



အဲ့ဒါကြောင့် ကိုစောမောင်ရေ သေးသေးသာမည ဆူးလေးစူးတာတောင် မြွေလို့ပြောရင်ဟိုက သေချင်သေတာ လား. . . (မှန်ပါ)။ ဒီမီးကသာဆိုးနေတာ. . . (မှန်ပါ)။ မဆိုးဘူးလား. . . (ဆိုးပါတယ်)။ သဘောပါကြလား၊ (ပါပါတယ်)။ အဲ့ဒီတော့ကွာတဲ့ လောင်စာနဲ့ မီးဟာက အခုခန္ဓာကြီးတွေမှာ ဒကာ-ဒကာမတွေ တွဲမနေဘူး လား. . . (တွဲနေပါတယ်)။ ဒါမရှိရင် တွဲနေတယ်. . . (မှန်ပါ)။ မတွဲပေဘူးလား. . . (တွဲပါတယ်)။ ရှင်းကြပြီ လား. . . (ရှင်းပါတယ်)။

ဒါဖြင့် အခုနေကြရတာ ဒကာ-ဒကာမတို့ အန္တရာယ် ကင်းလို့ဘေးများ ရှင်းကြပါရဲ့လား. . . (မရှင်းပါဘူး)။ အင်း ဒါဖြင့် ဘေးကြီးပျောက်အောင်လုပ်. . . (မှန်ပါ)။ ကိုစောမောင်. . . (မှန်ပါ)။ ဘာလုပ်ရမတုံး. . . (ဘေးကြီး ပျောက်အောင် လုပ်ရမှာပါ)။ ဘေးကြီးပျောက်အောင် လုပ်ရလိမ့်မယ် ဒကာဒကာမတို့ နို့မို့လို့ရှိရင်ဖြင့် ခင်ဗျားတို့မှာ ဖြင့် အင်း-လူပုံအလယ်မှာ တစ်ခါတလေ ကိလေသာမီး လောင်တဲ့အခါကျတော့ ရုပ်ကိုကြည့်လို့ ကိုစောမောင် (မှန်ပါ)။

www.dhammadownload.com



## ကိလေသာမီးလောင်နေတာ

ကိလေသာမီးလောင်တဲ့အခါကျတော့ ကျောက်ဝယ်လို့ကောင်း ကျောက်ရောင်းလို့ကောင်း၊ ရောင်းတာတွေကလည်း အမြတ်အစွန်းများထွက်မယ်ဆိုလို့ရှိရင်ဖြင့် တစ်ခါတည်း အရင်ရုပ်တွေ ဟုတ်သေးရဲ့လား မောင်နိုင်. . (မဟုတ်ပါဘူး)။ အဲ့ဒါက ခုနက လောဘမီးလောင်ချလိုက်တာ. . . (မှန်ပါ)။ 'ဝမ်းသာတဲ့ လောဘမီးလောင်ချလိုက်တာ တစ်ခါတည်း အာ ဒီရုပ်ကလည်း တစ်မျိုးဘဲလို့ မဆို ထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်)။ အင်းတစ်မျိုးဘဲ. . .

ဖျတ်ဆို ဒီလိုဒီအထဲက အကြောင်းမညီညွတ်ပြန်တော့လည်း အိုခုနက ရုပ်ရွှင်တာတွေ ကိုစောမောင် အကုန်ပျောက်. . . (ပျောက်ပါတယ်)။ ညှိုးညှိုးပြီးသကာလလာတဲ့ ရုပ်တွေဟာ အကုန်ပေါ်မလာဘူးလား. . . (လာပါတယ်)။ ဒါဖြင့် ဒီအထဲက မီးအမျိုးမျိုး အလောင်ခံနေရတယ်. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ မျက်လုံးပြူး ပြီး သကာလ ပါးစပ်ပြဲလောက်အောင်လောင်တဲ့ သောမနဿ မီးကလည်း ကိုစောမောင် လောဘမီးကလဲ တစ်မျိုး. . . (မှန်ပါ)။ ညှိုးပိန်သွားအောင် လောင်တဲ့ ဥစ္စာကကော. . . (တစ်မျိုးပါ)။

www.dhammadownload.com



မှိုင်တွေချအောင် လောင်တဲ့ဥစ္စာကကော. . . (တစ်မျိုးပါ)။ မှိုင်တွေချတာကတော့ အဝိဇ္ဇာတို့, ဝိစိကိစ္ဆာတို့ လောင်ပြီဆိုမှဖြင့် မှိုင်တွေချနေတယ်. . . (မှန်ပါ)။ သဘော ကျလား. . . (ကျပါတယ်)။

အဲ့ဒါဒီသုံးခုမီးဟာလှည့်ပြီး အလောင်ခံနေရတယ်, ဒီဒကာ-ဒကာမတွေမှာ သေသေချာချာ ဟုတ်မဟုတ် စဉ်းစား. . (ဟုတ်ပါတယ်)။ သဘောကျလား၊ (ကျပါတယ်) ဝမ်းသာမီးလောင်လိုက်လို့ရှိရင်လည်း ဟာ ပါးစပ်တွေပြဲ၊ မျက်လုံး တွေပွင့်, ကိုစောမောင်. . . (မှန်ပါ)။ ကိလေသာ မီးဘဲ မဟုတ်လား. . . (မှန်ပါ)။ ဒါလည်းအကောင်းလား, အလောင်ခံ ရတာလား. . (အလောင်ခံရတာပါ)။ ရှင်းပြီ လား. . . (ရှင်းပါတယ်)။

## လောင်စာသိမ်းမှမီးငြိမ်းမယ်

တစ်ခါတလေစိတ်မချမ်းသာ လက်မချမ်းသာနဲ့ ညှိုး ပိန်လိန်ချောက်သွားတာကော. . . (အလောင်းခံရတာပါ) ဒါလည်း အလောင်ခံရတာဘဲ, တစ်ခါတလေမှိုင်တွေများကျ ပြီး နေတဲ့အခါ အကြံအစည်မတည့်တဲ့အခါ မောဟမီးများ လောင်နေလိုက်တာ. . . (မှန်ပါ)။ မရှိဘူးလား. . . (ရှိပါ တယ်)။ အင်းဒါဖြင့် ကိုစောမောင် စဉ်းစားစမ်း ဘာဖြစ်ကြ

www.dhammadownload.com



တာတုန်း. . . (မီးလောင်တာပါဘုရား)။ ဟာ-ဒါမီးလောင်တာ ဒီမီးငြိမ်းချင်လို့ရှိရင်ဖြင့် ဒကာဒကာမတို့ လောင်စာသိမ်းရလိမ့်မယ်. . . (မှန်ပါ)။ လောင်စာမသိမ်းရင်. . . (မီးမငြိမ်းပါဘူး) သဘောကျလား. . . (ကျပါတယ်)။

ဒါ-ပုဏ္ဏားပြတာ. . . (မှန်ပါ)။ ပုဏ္ဏားပြတယ် ဒကာဒကာမတို့ ပုဏ္ဏားတဲ့ အခုတောက်နေတဲ့မီးဟာ ဘာမီးတုံးကွ; အိုန္တြားချေ (ချီး) ကြောင့်ဖြစ်တဲ့ မီးရင်လည်း ဖြစ်ရမယ်, မြက်သစ်ရွက်ကြောင့်ဖြစ်တဲ့ မီးရင်လည်း ဖြစ်ရမယ်, မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။ ငွတ်ကွာတဲ့ မီးငြိမ်းသွားတဲ့အခါ ကျလို့ရှိရင်ဖြစ်တဲ့, မီးငြိမ်းသွားတာဆိုရင် ငြိမ်းသွားပြီဆိုတော့ မင်းကြည့်စမ်း၊ ကဲ-ငြိမ်းသွားပြီထားလိုက်တော့, အဲ့ဒါဘာဖြစ်လို့တုံးကွ, အို ဒါကတော့ လောင်စာမရှိလို့, သဘောကျလား. . . (ကျပါတယ်)။ ဘယ့်နှယ်ကြောင့်ပါလိမ့်. . . (လောင်စာမရှိလို့ပါ)။ လောင်စာမရှိတော့လဲ မီးကဘယ်နှယ့်တုံး. . . (ငြိမ်းပါတယ်)။ အင်း မီးငြိမ်းသိမ်းသွားတယ်ဆိုတာသဘောကျလား. . . (ကျပါတယ်)။

ဒီမှာလည်း ဒကာ-ဒကာမတို့ ခန္ဓာငါးပါးတည်းဟူသော လောင်စာသာ ရှိနေမယ်ဆိုလို့ရှိရင် သဘောကျလား. . . (ကျပါတယ်)။ ဘယ်တော့မှ မီးမသိမ်းဘူး. . . (မှန်ပါ)။ မီးသိမ်းပါ့မလား. . . (မသိမ်းပါဘူး)။ ခန္ဓာငါးပါး

www.dhammadownload.com



တည်းဟူ သောလောင်စာကိုစောမောင် ကြည့်သာနေ-ဆုသာတောင်း နေ၊ (မှန်ပါ)။ ဘယ်ခန္ဓာပြီး ဘယ်ခန္ဓာဖြစ်ရပါလို၏၊ ဘယ်ခန္ဓာပြီး ဘယ်ခန္ဓာဖြစ်ရပါလို၏၊ အဲ့ဒါ ထင်းဆုတောင်း ပြီးသကာလ, ထင်းနဲ့မီးနဲ့တွဲလျက်ချည်းဖြစ်ရပါလို၏ ဆုဟာ မောင်နိုင် သေချာတယ် မှတ်ပေတော့. . . (မှန်ပါ)။ သဘောပါလား. . . (ပါပါတယ်)။

ဒါဖြင့် ဒကာ-ဒကာမတို့ မီးငြိမ်းတော့လည်း ဘယ့်နှယ် ကြောင့် ငြိမ်းပါလိမ့် (လောင်စာသိမ်းလို့ပါ)။ လောင်စာသိမ်းတော့ ငြိမ်းတယ်. . . (မှန်ပါ)။ မီးတောက်တော့လည်း. . . (လောင်စာရှိလို့ပါ)။ လောင်စာရှိလို့ တောက်တယ်ဆိုတာ သဘောကျကြလား. . . (ကျပါတယ်)။

ဒါဖြင့် ခန္ဓာရှိရင်. . . (မီးတောက်မှာပါ)။ ခန္ဓာက ထင်းကိုး. . . (မှန်ပါ)။ ထင်းရှိရင်တော့ ထင်းသဘောမီးတောက်လောင်နည်းဟာဖြင့် ဒကာ-ဒကာမတို့လောင်နေမှာဘဲ. . . (မှန်ပါ)။ လောင်လို့ဘဲ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ လူစဉ်မမှီ သူစဉ်မမှီတွေကို ပုံနေတာဘဲ. . . (မှန်ပါ)။ မပုံ ကြဘူးလား. . . (ပုံပါတယ်)။

အင်းသားပူမီး, သမီးပူမီး, ဆွေပူမီး, ခင်ပွန်းပူမီး, ဟုတ်လား. . အင်းဆွေမျိုးဉာတကာ အပူတွေမီးမလောင်

www.dhammadownload.com



ဘူးလား. . (လောင်ပါတယ်)။ အင်းဒီမီးတွေ ထတောက်နေတာမြင်တော့ ဘေးကအရိယာအနေ ကိုစောမောင်ကြည့်စမ်း. . . (မှန်ပါ)။ ဩော်လောင်စာရှိနေလို့ တောက်နေကြတာကိုလို့ အရိယာ မျက်လုံးတပ်ကြည့်. . . (မှန်ပါ)။ ကိုစံလှဘာမျက်လုံးတပ်ကြည့်ရမယ်၊ (အရိယာမျက်လုံး တပ်ကြည့်ရပါမယ်)။

## ရုပ်နာမ်ရှိလို့လောင်နေတာ

အရိယာမျက်လုံးတပ်ကြည့်လိုက်တော့ ဟိုအိမ်မှာပူနေတာ ဘယ့်နှယ်တွေး, ဘယ်လိုတွေးကြမလဲ. . . (လောင်စာရှိလို့ တောက်နေတာပါ)။ လောင်စာရှိလို့ တောက်နေကြတာ ဟိုအိမ်မှာ တအူအူနဲ့ ဆူနေတယ် ဆိုလို့ရှိရင် ကိုစောမောင် ဘယ်လိုအကဲခတ်မလဲ. . . (လောင်စာရှိလို့ တောက်နေတာပါ)။ လောင်စာရှိလို့ တောက်နေတာ. . . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ အင်း-ရုပ်နာမ်ရှိလို့ ကိလေသာ လောင်နေတာ. . (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။

အကယ်၍ ဒီလောင်စာကြီးများ ဒုက္ခချုပ်တဲ့ဆီရောက်, များများရောက်သွားမယ်ဆိုလို့ရှိရင် လောင်စာသိမ်းကိလေသာမီးကလည်း. . . (ငြိမ်းသွားမှာပါ)။ အေး

www.dhammadownload.com



အဲ့ဒီ လိုဘဲကွတဲ့ပုဏ္ဏားရ, မင်းမင်းဒီမီးငြိမ်းသွားတာ ဘယ့်နှယ် ကြောင့် ငြိမ်းသွားတယ်လို့ မင်းဆိုမလဲလို့မေးတော့ ပုဏ္ဏား ကဘယ့်နှယ်ဖြေတုံး. . . (လောင်စာသိမ်းလို့ပါ)။ လောင်စာသိမ်း၍ မီးငြိမ်းတယ်လို့ သူဖြေလိုက်တယ်. . . (မှန်ပါ)။

## ခန္ဓာမရှိမှမီးသိမ်းမယ်

အေး-ဒါဖြင့်ကွာတဲ့ မင်းဒါက ဒုက္ခသစ္စာ စသိတာ ရှိသေးတယ် (မှန်ပါ)။ သဘောကျလား. . . (ကျပါတယ်)။ လောင်စာနဲ့ မီးတွဲနေတာ ကိုယ့်ခန္ဓာဟာ ဒကာ-ဒကာမတို့ အင်မတန်မထင်ရှားဘူးလား. . . (ထင်ရှားပါတယ်)။ အင်မတန်လည်း မီးစွဲနေတယ်. . . (မှန်ပါ)။ သဘောကျကြလား (ကျပါတယ်)။ အင်းဒီခန္ဓာတည်းဟူသော ထင်းကြီးများ ပျောက်သွားမယ်ဆိုလို့ရှိရင်ဖြင့် လောင်စာသိမ်းတော့မယ်. . (မှန်ပါ)။ လောင်စာသိမ်းတဲ့အခါကျတော့ မီးကင့်ချည်းကျန် နေရစ်ဦးမယ်ဆိုလို့ရလား. . . (မရပါဘူး) သဘောကျလား (ကျပါတယ်)။

ဒါဖြင့် ခန္ဓာမရှိမှ ဒကာ-ဒကာမတို့ မီးသိမ်းမယ်. . . (မှန်ပါ)။ ခန္ဓာရှိနေရင်. . . (မီးမသိမ်းပါဘူး)။ မီးမသိမ်းဘူး ဒီဟာနောက်ဆုံးပိတ်ပြောကြစို့, ဇာတိ, ဇရာ, မရဏ, ဘုရား

www.dhammadownload.com



တောင်ကျန်နေတယ် ကျင့်တုံးက. . . (မှန်ပါ)။ သဘော ကျလား. . . (ကျပါတယ်)။ ဒါဖြင့် လောင်စာသိမ်းပြီး မီးငြိမ်း စေတဲ့အကြောင်းကို ဒီပုဏ္ဏားမဟောသေးဘူးလား. . . (ဟောပါတယ်)။ အဲ့ဒီတော့မှ ပုဏ္ဏားက ဒီတရား မဆုံးဘူး ဒကာဒကာမတို့ နိဗ္ဗာန်ကောင်းကောင်းမပေါ်သေးဘူး (မှန်ပါ)။ နက်ဖြန်မှ ပေါ်မယ်နော်. . . (မှန်ပါ)။

ဒီနေ့ဒီတွင် တော်ကြဦးစို့

သာဓု . . . သာဓု . . . သာဓု . . . ။